ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ရက်၊ တနင်္လာနေ့၊ (14-7-2003) (၃၉၃၁)

ခန္တီ စ
တောံ မင်္ဂလ မုတ္တမံ။

သည်းခံခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ကြီးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲ တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် အဆိုပါစာသင်တိုက်ကြီး၏ ပြည်လုံးချမ်းသာ မဟာသိမ်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ထားဝယ်မြို့ ဃောသိတာရာမတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်များ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ နာယကချုပ်ဆရာတော်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဆရာတော်၊ ပင့်ဖိတ်တော်မူထားသည့် ဆရာတော်များ၊ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးမှ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့်

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၄-၇-၂၀၀၃
(တနင်္လာနေ့)

တည်ငြိမ်အေးချမ်းမှု လွှမ်းခြုံနိုင်ရေးကြိုးပမ်း ဒေသဖွံ့ဖြိုးရေး ဖိဖိစီးစီးအလုပ်လုပ်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံ၊ ကဏ္ဍစုံက ကြိုးပမ်းတည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ ပြည်ထောင်စုကြီး တစ်ရပ်လုံး အကြားအလပ်မရှိ အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသအလိုက် စီးပွားရေး၊ လူမှုရေးအခြေခံအဆောက်အအုံများစွာကို တိုးမြှင့်တည်ဆောက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် ရေမြေသဘာဝကောင်းမွန်ပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းပါဝင်ဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသများပါမကျန် ငြိမ်းချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအကျိုးရလဒ်ကောင်းများကို ပြည်သူများ လက်တွေ့ခံစားနေကြရပြီဖြစ်သည်။

နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသာယာမှုရှိနေခြင်းသည် အဆိုပါဒေသ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန် အထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် အချို့သောနယ်မြေဒေသများတွင် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံခိုင်မြဲမှုရရှိစေရန် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပြည်သူများက လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုတို့သည် အဖွဲ့ဝင်များနှင့်အတူ ဇူလိုင်လ ၈ ရက်နေ့က ကရင်ပြည်နယ် ဘားအံမြို့နယ်သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု လွှမ်းခြုံမှု ခိုင်မြဲစေရေးကိစ္စရပ်များကို မှာကြားခဲ့သည်။

နိုင်ငံတော်က အခြားသော ပြည်နယ်နှင့်တိုင်းများနည်းတူ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံ အဆောက်အအုံများကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ ယခုအခါ ပြည်နယ်အတွင်း လမ်းအရှည်မိုင် ၇၅၀ ခန့် ဖောက်လုပ်ပေးနိုင်သဖြင့် ရန်ကုန်–ဘားအံ၊ ဘားအံ–မော်လမြိုင် မော်တော်ကားလမ်းဖြင့် လွယ်ကူလျင်မြန်စွာ သွားလာနိုင်ပြီဖြစ်သည်။

ထို့အပြင် သံလွင်မြစ်ကူး(ဘားအံ)တံတား၊ ဂျိုင်း(ကော့ကရိတ်)တံတား၊ ဂျိုင်း(ဇာသပြင်)တံတား၊ ဒေါ်လန်းတံတား၊ ယွန်းစလင်းတံတား၊ လှိုင်ဝတံတား၊ ဒုံသမိရထားတံတား၊ မဲကနယ်တံတားများကို တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ကုန်စည်ကူးသန်း လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လျက်ရှိသည်။

ပညာရေးကဏ္ဍတွင် အခြေခံပညာကျောင်းပေါင်း ၁၇၃ ကျောင်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့ရာ ကျောင်းပေါင်း ၁၃၂၂ ကျောင်း ရှိနေပြီဖြစ်သည်။ ဘားအံဒီဂရီကောလိပ်ကို တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ပေးခဲ့သည့်အပြင် အစိုးရနည်းပညာ ကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ်၊ ပညာရေးကောလိပ်တို့ကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးထားသဖြင့် အခြေခံပညာနှင့် အဆင့်မြင့်ပညာတို့ကို လက်လှမ်းတမီ သင်ကြားနိုင်ကြပြီဖြစ်သည်။

ကရင်ပြည်နယ်အတွင်း ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်နိုင်ရန် ဆေးရုံပေါင်းရှစ်ခုတိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ဆရာဝန်ပေါင်း ၁၃၁ ဦးတို့ကို ခန့်ထားပေးခဲ့သည်။ ကရင်ပြည်နယ်သည် ရေမြေသဘာဝရာသီဥတု ကောင်းမွန်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ကို အောင်မြင်စွာလုပ်ကိုင်နိုင်သည့် အခြေခံကောင်းများ ပြည့်စုံလျက်ရှိသည်။

သို့ဖြစ်ရာ မိမိတို့ပြည်နယ်ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဒေသခံပြည်သူများက တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်း၍ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု ကျယ်ကျယ် ပြန့်ပြန့် လွှမ်းခြုံနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို စေတနာထား၍ ဖိဖိစီးစီးလုပ်ကိုင်ကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့များ လေးနှစ်အထိရှိနေနိုင် ငြိမ်းချမ်းရေးအဖွဲ့ စေလွှတ်ရေးကိစ္စ မရေရာဟု ပါဝဲလ်ပြောဆို

ဝါရှင်တန် ဇူလိုင် ၁၃

အီရတ်ရှိ အမေရိကန်တပ်များ၏ ဦးစီးချုပ်ဟောင်း တော်မီဖရင့်က အီရတ်နိုင်ငံတွင် အမေရိကန်တပ်များကို လေးနှစ်အထိကြာအောင် ချထားရဖွယ်ရာရှိသည်ဟုဆိုသည်။ ထိုသို့ပြောဆိုမှုများ ရှိလာပြီးနောက် အမေရိကန်အထက်လွှတ်တော်က အမေရိကန်သမ္မတ အိမ်ဖြူတော်သို့ တညီတညွတ်တည်း တောင်းဆိုမှုတစ်ခု ပြုလုပ်ခဲ့သည်။ ယင်းတောင်းဆိုမှုမှာ အိမ်ဖြူတော်အနေဖြင့် အီရတ်နိုင်ငံတွင် နေတိုးတပ်ဖွဲ့ဝင်များနှင့် ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်များ ချထားရေးကိစ္စကို လက်ခံစဉ်းစားရန် တောင်းဆိုလိုက်ခြင်းဖြစ်သည်။

ဝါရှင်တန်နှင့်လန်ဒန်တို့ကို ပံ့ပိုးသည့်အနေဖြင့် မဟာမိတ်နိုင်ငံများသည် ၎င်းတို့၏တပ်များအား အီရတ်သို့ စေလွှတ်ပေးရေးကိစ္စတွင် မည်သို့တုံ့ပြန်ကြမည်ကို ရေရာတိကျစွာ မပြောနိုင်ပါဟု နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ဝန်ခံပြောကြားခဲ့သည်။

နေတိုးစစ်ရေးအဖွဲ့ဝင်နိုင်ငံများသည် အာဖဂန်စစ်ပွဲ၊ ဘောစနီးယားစစ်ပွဲနှင့် ကိုဆိုဗိုပြဿနာများအတွင်းက ဆိုင်ရာဒေသအသီးသီးသို့ တပ်ဖွဲ့ဝင်များကို အသီးသီး စေလွှတ်ပေးခဲ့ကြဖူးသည်။ ယခုအီရတ်ကိစ္စတွင်လည်း နေတိုးနိုင်ငံများက အလားတူဆောင်ရွက်ပေးနိုင်ရန်အတွက် အိမ်ဖြူတော်က နေတိုးအဖွဲ့ဝင်နိုင်ငံများကို တောင်းခံသင့်ကြောင်း ဆီးနိတ်က တောင်းဆိုခဲ့သည်။

– အတည်ပြုနိုင်ခဲ့ –

ထိုကိစ္စကို ဆီးနိတ်တွင် ထောက်ခံမဲ ၉၇ မဲ၊ ကန့်ကွက်မဲ မရှိဖြင့် အတည်ပြုနိုင်ခဲ့သည်။

ဘဂ္ဂဒက်မြို့ ဆေးရုံတစ်ရုံတွင် စောင့်ကြပ်နေသည့် အမေရိကန်တပ်သားများအား ဖြစ်ကတတ်ဆန်းလုပ်ထားသည့် ဖောက်ခွဲပစ္စည်း(အိုင်အီးဒီ)ဖြင့် ပစ်ခတ်ခဲ့သည့်နေရာကို ဇူလိုင် ၁၂ရက်က အမေရိကန်တပ်သားများ စောင့်ကြပ်နေသည်ကို တွေ့ရစဉ်။ [ယင်းသို့ပစ်ခတ်ခဲ့သည့်အတွက် အမေရိကန် တပ်သားတစ်ဦးဒဏ်ရာရရှိခဲ့သည်။] ***(ဓာတ်ပုံ–အင်တာနက်)***

အီရတ်တွင် စစ်ပြီးကာလ ငြိမ်းချမ်းရေး ထိန်းသိမ်းရန် တပ်အရေအတွက် တိုး၍လိုအပ်သည်။ တစ်ချိန်တည်းမှာပင် တပ်များကို အီရတ်လူထုက သိမ်းပိုက်သူများအဖြစ် မမြင်အောင်လည်း ဆောင်ရွက်ရမည်။ တိုးချဲ့ချထားမည့် တပ်များကို နိုင်ငံအစုံမှပါဝင်လာစေရန် ဆောင်ရွက်ရမည်။ အထူးသဖြင့် ထိုတပ်များမှာ နေတိုးမှဖြစ်သင့်သည်ဟုဆီးနိတ်လွှတ်တော်မှ ဒီမိုကရက်တစ်အမတ် ဂျိုးဇက်ဆီဒင်က ပြောကြားသည်။ ၎င်းသည်အထက်လွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီအဖွဲ့ဝင်ဖြစ်သည်။

ယခုကာလ အတောအတွင်း အီရတ်နိုင်ငံ၌ အသွင်ကူးပြောင်းရေးကာလ အီရတ် အုပ်ချုပ်ရေးကောင်စီတစ်ရပ် ဖွဲ့စည်းနိုင်ရန် အပြီးသတ်ဆွေးနွေးညှိနှိုင်းနေကြသည်။ မကြာမီရက်များအတွင်း ဖွဲ့စည်းနိုင်လိမ့်မည်ဟု မျှော်လင့်ရကြောင်း သတင်းများကဆိုသည်။

လက်ရှိအခြေအနေတွင် အမေရိကန်တပ်များ ရာမာဒီမြို့ရှိ သမ္မတနန်းတော်၌ တပ်စွဲထားကြသည်။ ထိုမြို့သည် မကြာခဏတိုက်ခိုက်မှုများ ဖြစ်နေသောမြို့ဖြစ်၏။ ယခုအခါ ထိုမြို့ရှိ အမေရိကန် တပ်စခန်းကို သုံးညဆက်တိုက် စိန်ပြောင်းဖြင့် အတိုက်ခံနေရသည်ဟု မျက်မြင်သက်သေများက ပြောကြားကြသည်။

အမေရိကန် တင့်ကားများသည် စစ်ပြီးပြီဟု ကြေညာခဲ့သည့်အချိန်မှစ၍ ပစ်ခတ်ခြင်းမရှိခဲ့ပေ။ သို့သော် သောကြာနေ့ကစတင်၍ ပထမဦးဆုံးအကြိမ်အဖြစ် ပြန်၍ပစ်ခတ်ခဲ့ရသည်ဟု အမေရိကန် စစ်ဘက်သတင်းများက ဆိုသည်။ ***အင်တာနက်။***

အီရတ်၌ ဂျာမနီတပ်သားများ ဖြန့်ကြက်ရန် စဉ်းစားရာ၌ပင် ထားရှိမည့် စည်းကမ်းချက်များကို ဂျာမနီအစိုးရချမှတ်ထား

ဘာလင် ဇူလိုင် ၁၃

ဂျာမနီအစိုးရသည် အီရတ်နိုင်ငံသို့ ဂျာမနီတပ်သားများ ဖြန့်ကြက်ချထားရေး စဉ်းစားသုံးသပ်ရန်အတွက်ပင် ခြွင်းချက်စည်းကမ်းချက်များကို တနင်္လာနေ့က ချမှတ်လိုက်သည်။

အီရတ်နိုင်ငံ၌ ဂျာမနီတပ်သားများ ဖြန့်ကြက် ချထားနိုင်ရေးအတွက် စဉ်းစားသုံးသပ်ရန် စည်းကမ်းချက်များမှာ တရားဝင် ဖွဲ့စည်းထားသည့် အီရတ် အသွင်ကူးပြောင်းရေး အစိုးရအဖွဲ့ထံမှ မေတ္တာရပ်ခံချက်နှင့် ကုလသမဂ္ဂ၏ ရှင်းလင်းပြတ်သားသည့် ခွင့်ပြုချက်တို့ဖြစ်ကြောင်း ဂျာမနီအစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဘီလာအင်ဒါက ပြောကြားသည်။

ကြိုဆိုမည်

အီရတ်နိုင်ငံမှ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့သို့ ပါဝင်စေလွှတ်ရန် ဂျာမနီနှင့် ပြင်သစ်အပါအဝင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)ဝင်နိုင်ငံများအား ကြိုဆိုမည်ဖြစ်ကြောင်း ယခုသီတင်းပတ်စောစောပိုင်းတွင် အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်က ပြောကြားသည်။

ပြောကြား

အီရတ်စစ်ပွဲအပေါ် ဂျာမနီနိုင်ငံ၏ ရပ်တည်ချက် ပြောင်းလဲခြင်းမရှိသည့်အတွက် အီရတ်အရေးကိစ္စ၌ ဂျာမနီ ပါဝင်ခြင်းမရှိသည့်ကိစ္စသည် အချေအတင် ဆွေးနွေးရန် မရှိကြောင်း အမည်မဖော်ပြသည့် ဂျာမနီ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

စစ်ပွဲကာလလွန် အီရတ်၌ တည်ငြိမ်မှုရရှိရေးမှာ ကုလသမဂ္ဂ ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည့်အတိုင်း အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များ၏ တာဝန်ပင်ဖြစ်ကြောင်း သူမက ပြောကြားသည်။

ဂျာမနီနိုင်ငံသည် လူသားချင်း စာနာထောက်ထားရေး အကူအညီ သန်းနှင့်ချီသည့် ယူရိုငွေ ထည့်ဝင်ခြင်းဖြင့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း သူမက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ပါကစ္စတန်၌ မူးယစ်ဆေးဝါးများမိ

အစ္စလမ္မာဘတ် ဇူလိုင် ၁၂

ပါကစ္စတန် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတပ်ဖွဲ့(အေအင်အက်ဖ်)က အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)သို့ မူးယစ်ဆေးဝါးအမြောက်အမြား တင်ပို့မည့် အစီအစဉ်တစ်ရပ်ကို ဟန့်တားနိုင်ခဲ့ပြီး မူးယစ်ဆေးဝါးရောင်းသူကိုလာဟိုး နိုင်ငံတကာလေဆိပ်တွင် ဖမ်းဆီးလိုက်ကြောင်း ပါကစ္စတန် သတင်းဌာနက သောကြာနေ့၌ ဖော်ပြလိုက်သည်။

နိုင်ငံတကာ မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းတစ်ဂိုဏ်းဝင် ဂါနာနိုင်ငံသား ဆူလေမန်ကတိုကီသည် လေကြောင်းအမှတ် အီးကေ–၆၂ ဖြင့် တားမြစ်ထားသည့် မူးယစ်ဆေးဝါးများသယ်ဆောင်လာသည်ဟုသတင်းရရှိရာ အေအင်အက်ဖ်အဖွဲ့က ၎င်းအားလေဆိပ်ထွက်ခွာရာအဆောင်တွင် ဟန့်တားကာ လက်ကိုင်အိတ်အတွင်းမှ ဆပ်ပြာထုပ်စက္ကူများတွင်းသို့ဝှက်ထားသည့် ဘိန်းဖြူ ၂ဒသမ ၅ ကီလိုကို ဖမ်းဆီးရမိသည်။

၎င်းအား ပဏာမစမ်းသပ်စစ်ဆေးမှု ပြုလုပ်ရာတွင် ဆူလေမန်က မူးယစ်ဆေးဝါးဂိုဏ်းတွင် ပါဝင်နေသည်မှာ ကြာပြီဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုပြီး ၎င်းအားတရားစွဲဆိုကာ နောက်ထပ်စစ်ဆေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

အဆိုပါ နိုင်ငံတကာမူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ရေးဂိုဏ်းမှ မှောင်ခိုသမားအများအပြားကို အေအင်အက်ဖ်အဖွဲ့က လွန်ခဲ့သည့်လများအတွင်း ဖမ်းမိထားသည်ဟုဆိုသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

အီရတ်၏ စစ်ရေးခြိမ်းခြောက်မှုကို မတိမကျ ရုပ်လုံးဖော်ခဲ့ သမ္မတဘုရှ်ကို အမေရိကန်တာဝန်ရှိသူဟောင်း ဝေဖန်

ဝါရှင်တန် ဇူလိုင် ၁၂

သမ္မတဘုရှ်အစိုးရသည် အီရတ်စစ်မဖြစ်မီက အီရတ်၏ စစ်ရေးခြိမ်းခြောက်မှုနှင့်စပ်လျဉ်း၍ မတိမကျ ရုပ်လုံးဖော်ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန အငြိမ်းစားထောက်လှမ်းရေးအရာရှိ ဂရက်သယ်မန်းက မကြာမီက ပြောကြားလိုက်သည်။ ထောက်လှမ်းရေး အစီရင်ခံစာ၌ အီရတ်အစိုးရအနေဖြင့် ချက်ချင်းလက်ငင်း ခြိမ်းခြောက်မှု ရပ်ပေးမည့် အနေအထားမရှိဟုလည်း ထည့်သွင်းပြောကြားလိုက်သည်။

အငြိမ်းစားယူ

ဂရက်သယ်မန်းသည် အမေရိကန်နိုင်ငံခြားရေးဌာန ထောက်လှမ်းရေးနှင့် သုတေသနဗျူရို၊ မဟာဗျူဟာနှင့် စစ်ဘက်ရေးရာဌာန ညွှန်ကြားရေးမှူးအဖြစ်မှ စက်တင်ဘာလက အငြိမ်းစားယူခဲ့သည်။

ချက်ချင်းလက်ငင်း

မတ်လတွင် အီရတ်အား စစ်ဆင်ရေးများ မိမိတို့ အကောင်အထည်ဖော်စဉ်က အီရတ်နိုင်ငံအနေဖြင့် အမေရိကန် ပြည်ထောင်စုကိုလည်းကောင်း၊ သို့မဟုတ် ယင်း၏ အိမ်နီးနားချင်း နိုင်ငံများကို သော်လည်းကောင်း ချက်ချင်းလက်ငင်း ခြိမ်းခြောက် အန္တရာယ်ပေးနိုင်ခြင်းမရှိကြောင်း ၎င်းက ထုတ်ဖော်ပြောဆိုသည်။

စကတ်ဒ်ုံးပျံ

စီအိုင်အေညွှန်ကြားရေးမှူး ဂျော့တင်းနက်ကလည်း အီရတ်နိုင်ငံအနေဖြင့် စကတ်ဒ်ုံးပျံ အနည်းငယ်သာရှိကြောင်း ကွန်ဂရက်သို့ ပြောကြားစဉ်ကလည်း အလားတူပင်ပြောဆိုခဲ့သည်ဟု ဂရက်သယ်မန်းက ပြောကြားလိုက်သည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

နိုင်ငံခြားတပ်များ အီရတ်သို့စေလွှတ်မည့်ကိစ္စ အသေအချာမပြောနိုင်

ဝါရှင်တန် ဇူလိုင် ၁၂

အမေရိကန်နှင့် ဗြိတိန်တပ်များအား ကူညီရန် အီရတ်နိုင်ငံသို့ နိုင်ငံခြားတပ်များ မည်မျှ များများစားစား စေလွှတ်မည်ကို အသေအချာ မပြောနိုင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပါဝဲလ်က ဝန်ခံလိုက်သည်။ ဤသည်မှာ အီရတ်နိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် အမေရိကန်တို့ နိုင်ငံတကာ အကူအညီရယူရေးကြိုးပမ်းရာ၌ အခက်အခဲတွေ့ကြောင်း ပြသနေခြင်းဖြစ်သည်ဟု အေအက်ဖ်ပီက ဖော်ပြသည်။

အီရတ်နိုင်ငံသို့ မည်သည့်နိုင်ငံများက စစ်ကူလွှတ်မည်၊ မည်မျှအထိ တပ်များစေလွှတ်မည်ကို စာရင်း အတိအကျ မပေးနိုင်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ပါဝဲလ်က စီအင်န်အင်န်မှ လာရီကင်းနှင့် တွေ့ဆုံ မေးမြန်းခန်းတွင် ပြောကြားသည်။ နိုင်ငံခြားရေးဝန်ကြီး၏ ဝန်ခံပြောကြားချက်မှာ အမေရိကန် ကာကွယ်ရေးဌာန၏ အရာရှိများ စောစောပိုင်းကပြောပြချက်နှင့် သိသိသာသာ ကွာဟနေသည်။ ကာကွယ်ရေးအရာရှိများကမူ စစ်ပန်းနေသော အမေရိကန် အီရတ် စစ်သားများကို အားဖြည့်ကူညီရန် နိုင်ငံတကာ တပ်များ လာနေပြီဟု တက်တက်ကြွကြွ ခန့်မှန်းပြောကြားခဲ့သည်။

အင်တာနက်။

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

အမေရိကန် တပ်ဖွဲ့များအတွက် လုံခြုံရေးအခြေအနေ မတည်ငြိမ်သည့် အီရတ်နိုင်ငံ ဖော်လူဂျာမြို့ လမ်းဘေး ဈေးလမ်းတစ်လျှောက် ကင်းလှည့်စောင့်ကြပ်ကာ ဖြတ်သန်းမောင်းနှင်သွားသည့် အမေရိကန် စစ်ယာဉ်တန်းကို ဇူလိုင် ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ကို အာရ်ပီဂျီမော်တာဖြင့် ပစ်ခတ်တိုက်ခိုက် ဖော်လူဂျာရှိရဲစခန်းနှင့် မြို့တော်ဝန်ရုံးမှ အမေရိကန်စစ်သည်များ ထွက်ခွာ

ဘဂ္ဂဒက် ဇူလိုင် ၁၂

သောကြာနေ့က အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များကို ဒုံးကန်အားသုံးဗုံးများ (အာရ်ပီဂျီ)နှင့် မော်တာများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန် စစ်သားသုံးဦးနှင့် အီရတ်သုံးဦးတို့ ဒဏ်ရာရရှိသွားသည်။

စစ်မဖြစ်မီက အမေရိကန်နှင့်ဗြိတိန် အစိုးရများသည် အီရတ်၌ လူအစုအပြုံလိုက် သေစေနိုင်သော ဓာတုနှင့်ဇီဝ လက်နက်များရှိသည်ဟု စွပ်စွဲခဲ့ကြသည်။ ထိုအချက်ကို အဓိကအကြောင်းပြချက်အဖြစ် အသုံးပြုပြီး စစ်တိုက်ခဲ့ကြသည်။ ယခုအခါ ထို အငြင်းပွား ဖွယ်ရာ ကိစ္စနှင့်ပတ်သက်၍ အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရနှစ်ခုစလုံးတို့သည် အဖြစ်မှန်ကို ဖော်ထုတ်ပေးရမည်ဟူသော တောင်းဆိုမှုများနှင့် ရင်ဆိုင်နေကြရပြီဖြစ်သည်။

အီရတ်စစ်ပွဲမတိုင်မီက အီရတ်သည် အာဖရိကနိုင်ငံတစ်ခုမှ အဏုမြူဗုံးလုပ်ရန် ယူရေနီယံဓာတ်ကြွ သတ္တုများဝယ်ယူသည်ဟု အမေရိကန်က စွပ်စွဲခဲ့သည်။ ထိုမမှန်ကန်သော စွပ်စွဲချက်များကို အမေရိကန် ထောက်လှမ်းရေးဌာနမှ ရရှိခြင်းဖြစ်သည်ဟု သမ္မတဘုရှ်က အပြစ်ဖို့သည်။

ငြင်းဆို

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များသည် တစ်ရက်လျှင် (၁၀)ကြိမ်မှ (၂၅)ကြိမ်အထိ အတိုက်ခံနေရသည်ဟု အီရတ်စစ်မြေပြင် အမေရိကန်စစ်ဦးစီးချုပ်ဟောင်းကပြောကြားသည်။ အီရတ်ရှိ ပြဿနာတက်နေသော ဖော်လူဂျာမြို့မှ အမေရိကန်တပ်များ ဆုတ်ခွာသွားကြပြီဟု အာရပ်မီဒီယာသတင်းများက ဆိုသည်။ ထိုသတင်းမှာ မဟုတ်မမှန်ပါဟု အမေရိကန် အရာရှိများက ငြင်းဆိုသည်။

အမေရိကန်တပ်ဖွဲ့များသည် ဖော်လူဂျာမြို့ရှိ ရဲစခန်းနှင့် မြို့တော်ဝန်၏ ရုံးအဆောက်အအုံမှ ထွက်ခွာသွားကြပြီဖြစ်ကြောင်း မျက်မြင်သက်သေများနှင့် အရာရှိများက ဆိုသည်။ သို့သော် အမေရိကန်တပ်များသည် သောကြာနေ့နံနက်အထိ ဖော်လူဂျာမြို့လယ်တွင် သံချပ်ကာယာဉ်များဖြင့် ကင်းလှည့်နေကြဆဲဖြစ်သည်။

ဖော်လူဂျာမြို့တွင် ဗလီပေါင်း ၄၆ ခုရှိသည်။ ထိုဗလီများအနက် ဗလီတစ်ခုမှ ဘာသာရေးခေါင်းဆောင်က အမေရိကန်များကို ၎င်းတို့၏ လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရန် အချိန်ခြောက်လခွင့်ပြုစေလိုသည်။

ထိုအချိန် ကျော်လွန်သွားသည်အထိ အမေရိကန်များ ရှိနေသေးလျှင် ဆက်လက်သည်းခံ မနေတော့ဘဲ ဘာသာရေးစစ်ပွဲဆင်နွှဲမည်ဟု သောကြာနေ့ဘုရား ဝတ်ပြုပွဲတွင် ပြောကြားခဲ့သည်။

ဘဂ္ဂဒက်မြို့ မြောက်ဘက် မိုင် ၆၀ အကွာတွင် ဆာမာရာမြို့ရှိသည်။ ထိုမြို့ရှိ အမေရိကန်တပ်စခန်းကို စိန်ပြောင်းဖြင့် လေးချက် အပစ်ခံရရာ အမေရိကန်စစ်သားသုံးဦးနှင့် အီရတ်တစ်ဦးဒဏ်ရာရရှိသွားသည်ဟု စစ်ဘက်သတင်းများက ဆိုသည်။

ကြာသပတေးနေ့ ညနေပိုင်းက ဘဂ္ဂဒက်လေဆိပ်၏ အနောက်မြောက်ဘက်တွင် အမေရိကန်တိုက် ကင်းအဖွဲ့ကို ဒုံးကန်အားသုံး လက်ပစ်ဗုံးဖြင့် အတိုက်ခံရသဖြင့် အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ရကြောင်း စစ်ဘက်က ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဒဏ်ရာရ

အရပ်သားယာဉ်မှာ ပစ်ခတ်မှုအကြား ပိတ်မိခဲ့သဖြင့် အီရတ်တစ်ဦးမှာ လည်ပင်းတွင်ထိမှန်ခံရပြီး အခြားတစ်ဦးမှာ ဗိုက်တွင် ဒဏ်ရာရသွားသည်။

လေဆိပ်သို့သွားရာ လမ်းမပေါ်တွင် အမေရိကန်များ မကြာခဏ ချုံခိုအတိုက်ခံကြရသည်။ ထိုသို့မဖြစ်စေရန် လမ်းဘေးရှိ သစ်ပင်များကို အမေရိကန်တို့က မီးတင်ရှို့ပြီး ရှင်းလင်းခဲ့ကြသည်။

ရာမာဒီမြို့သည် ဘဂ္ဂဒက်မြို့၏ အနောက်ဘက် မိုင် ၆၀ အကွာတွင် ရှိသည်။ ထိုမြို့ရှိ အမေရိကန် အခြေစိုက်စခန်းကို နံနက် ၄ နာရီခွဲအချိန်က စိန်ပြောင်းဖြင့် သုံးချက် အပစ်ခံခဲ့ရသည်။ အမေရိကန်တို့ အထိအခိုက်မရှိဟု ဆိုသည်။

ယခင်အခါက အီရတ်များသည် အမေရိကန်များကို တိုက်ခိုက်ရာ၌ လက်နက်ငယ်များကို သုံးခဲ့ကြသည်။ ယခုအခါ တိုက်ခိုက်မှုမှာ တိုး၍ခေတ်မီလာသည်။ စိန်ပြောင်း လက်နက်ကြီးများပင် သုံးစွဲလာကြသည်။ သို့သော် ထိုတိုက်ခိုက်မှုပုံစံမှာ ဗဟိုမှ ထိန်းချုပ်ကွပ်ကဲမှုပုံစံမျိုး ကင်းမဲ့နေသည်။ ပြောက်ကျားစစ်ပွဲအသွင်သို့ ရောက်နေပြီဟု မိမိအနေဖြင့် မယူဆပါဟု အီရတ်စစ်မြေပြင်ဦးစီးချုပ်ဟောင်းတော်မီဖရန့်က လွှတ်တော်ကော်မတီ ရှေ့မှောက်တွင် ပြောကြားခဲ့သည်။

အင်တာနက်။

အီရတ်နိုင်ငံ ခါဒီယာမြို့တွင် ကင်းလှည့်နေသည့် အမေရိကန် တပ်သားများက နေအိမ်အတွင်း လက်နက်များရှာဖွေရန် ပြင်ဆင်နေစဉ် ၎င်း၏ နေအိမ်အတွင်း လက်နက်များမရှိကြောင်း ရှင်းပြရန်ကြိုးစားနေသည့် အီရတ် အရပ်သားတစ်ဦးအား ဇူလိုင် ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဆီယံ ဘဏ္ဍာရေး ဝန်ကြီးများ အစည်းအဝေး မနီလာမြို့၌ ကျင်းပမည်

မနီလာ ဇူလိုင် ၁၂

ဖိလစ်ပိုင်နိုင်ငံသည် အရှေ့တောင် အာရှနိုင်ငံများအသင်း(အာဆီယံ) ဘဏ္ဍာရေးဝန်ကြီးများ၏ အစည်းအဝေးကို လာမည့်လ၌ မနီလာမြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

ဩဂုတ် ၆ ရက်မှ ၇ ရက်အထိ ကျင်းပမည့် အဆိုပါအစည်းအဝေးတွင် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများသည် အာရှငွေစုစာချုပ် ဈေးကွက်တစ်ရပ်ဖွံ့စည်းထူထောင်ရေးအပါအဝင် အခြားအရေးပါသည့်ကိစ္စရပ်များကို ဆွေးနွေးမည်ဟု မျှော်လင့်ရကြောင်း ဖိလစ်ပိုင် ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားသည်ဟု ဖိလစ်ပိုင်စတား သတင်းစာက ကြာသပတေးနေ့၌ ဖော်ပြသည်။

အာဆီယံဘဏ္ဍာရေးဝန်ကြီးများသည် တရုတ်၊ ဂျပန်နှင့်တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီးများနှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ အဆိုပါ အစည်းအဝေးကို မူလက ဧပြီလတွင် ကျင်းပရန်စီစဉ်ခဲ့သော်လည်း ဒေသတွင်း၌ ဖြစ်ပွားခဲ့သည့် ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါ(ဆား(စ်) အပေါ် စိုးရိမ်ပူပန်မှုများကြောင့် ဖိလစ်ပိုင်အစိုးရက ယင်းအစည်းအဝေးကို ရွှေ့ဆိုင်းခဲ့သည်။ အာဆီယံတွင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံတို့ ပါဝင်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ဗလီတစ်ခုတွင် အီရတ်နိုင်ငံသား ဆွန်နီမွတ်စလင်များ ဇူလိုင် ၁၁ ရက်က စုပေါင်းသွေးလှူဒါန်းနေကြစဉ်။ (အဆိုပါသွေးများကို ဘဂ္ဂဒက်မြို့ရှိ ဆေးရုံများသို့ ပေးပို့လှူဒါန်းမည်ဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်များ အီရတ်သိမ်းပိုက်ထားမှု အီရတ်ပြည်သူများ ဒေါသပိုမိုထွက်လျက်ရှိ

နာဂျက်ဖ် ဇူလိုင် ၁၂

အမေရိကန်ဦးဆောင်သည့် တပ်များ ၎င်းတို့နိုင်ငံ၌ ရှိနေခြင်းကို အီရတ်ပြည်သူများက ပိုမိုဒေါသထွက်လာပြီဖြစ်ကြောင်းဖြင့် အီရတ် ရှီးယားနှင့် ဆွန်နီမွတ်စလင် ခေါင်းဆောင်များက သောကြာနေ့တွင် ထုတ်ဖော်ပြောဆိုသည်။ ထို့ပြင် ခြောက်အတွင်း အမေရိကန်စစ်သားများကို ဘာသာရေးစစ်ပွဲ ဆင်နွှဲမည်ဖြစ်ကြောင်း မွတ်စလင် ဘာသာရေး ခေါင်းဆောင်တစ်ဦးက သတိပေးလိုက်သည်။ အီရတ်နိုင်ငံရှိ အမေရိကန်စစ်သားများမှာ နေ့စဉ် ၁၀ ကြိမ်မှ ၂၅ ကြိမ်အတွင်း အတိုက်ခံနေကြရကြောင်းဖြင့် ဆက်ဒမ်ဟူစိန် ဖြုတ်ချရေးတွင် ဦးဆောင်တိုက်ခဲ့သည့် ဗိုလ်ချုပ်ကြီး တော်မီဖရန့်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော် တောင်ဘက် မိုင် ၁၀၀ ခန့်အကွာရှိ ရှီးယားမွတ်စလင်တို့၏ ဘာသာရေးမြို့ နာဂျက်ဖ်၌ ဆက်ဒမ်ဟူစိန် လက်ထက် ဆယ်စုနှစ်များနှင့်ချီ၍ နှိပ်ကွပ်မှုခံရပြီးနောက် ၎င်းတို့အနေဖြင့် နိုင်ငံရေးလျော်ကြေး မရလျှင် အမေရိကန် ဦးဆောင်သည့် တပ်များကို ရှီးယားမွတ်စလင်တို့က ဘက်ပြန်မည်ဖြစ်ကြောင်း အီရတ်နိုင်ငံ၏ အများစု ရှီးယားမွတ်စလင်တို့၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ အယာတိုလာမိုဟာမက် ဟာကင်က ပြောကြားသည်။

အီရတ် လူဦးရေ ၂၆ သန်းရှိသည့် အနက် ရှီးယားမွတ်စလင်ဦးရေက ၆၅ ရာခိုင်နှုန်းရှိသည်။ ၎င်းတို့အနက် အများစုက အပြောင်းအလဲကို လက်ခံခဲ့ကြသော်လည်း ယခုအခါ၌ အီရတ်တို့ အားကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ပေးမှုနှောင့်နှေးကြန့်ကြာမှုတွင် သည်းခံစောင့်ဆိုင်းနိုင်ကြတော့မည် မဟုတ်ကြောင်း အယာတိုလာ မိုဟာမက် ဟာကင်က ပြောကြားလိုက်သည်။

အင်တာနက်။

အမေရိကန်အစိုးရ၏ ပြည်သူများကို လှည့်စားမှု စုံစမ်းစစ်ဆေးရန် ဒီမိုကရက်တို့ တောင်းဆို

ဝါရှင်တန် ဇူလိုင် ၁၂

အီရတ်၏ လက်နက်အစီအစဉ်နှင့် စပ်လျဉ်းသည့် ထောက်လှမ်းရေးသတင်းမှာ မှားယွင်းနေသည်ဟု စီအိုင်အေက သတိပေးခြင်းကို အမေရိကန်အစိုးရက လျစ်လျူပြုခြင်းရှိမရှိ စုံစမ်းစစ်ဆေးရန် ဒီမိုကရက်တစ်သမ္မတလောင်းတစ်ဦးဖြစ်သူ အထက်လွှတ်တော်အမတ် ဂျိုးလိုက်ဘာမင်းက တောင်းဆိုလိုက်သည်။

ထောက်ခံအားပေးခဲ့

အီရတ်အား စစ်ဆင်တိုက်ခိုက်ရေးတွင် မစ္စတာလိုက်ဘာမင်းသည် ပြတ်သားစွာ ထောက်ခံအားပေးခဲ့သူဖြစ်သည်။ သို့သော် ယခုအခါတွင် အီရတ်၏ ခြိမ်းခြောက်မှုနှင့် စပ်လျဉ်း၍ သမ္မတဘုရှ်က အမေရိကန်ပြည်သူတို့ကို လှည့်စားခဲ့သည်ဟူ၍ စွပ်စွဲရန် ဩဇာရှိသည့် ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဖြစ်လာသည်။

အီရတ်နိုင်ငံသည် အာဖရိကမှ သန့်စင်ပြီးယူရေနီယံများဝယ်ယူရန် ကြိုးပမ်းကြောင်း သမ္မတဘုရှ်က ၎င်း၏ နိုင်ငံတော်အခြေပြ မိန့်ခွန်းတွင် ထည့်သွင်းပြောကြား စွပ်စွဲလိုက်သည်။

ယခုအခါ အဆိုပါ နိုင်ငံတော်အခြေပြ မိန့်ခွန်းတွင် သမ္မတဘုရှ် ပြောကြားစွပ်စွဲထားသည်များမှာ မှားယွင်းပြီး အမေရိကန်ပြည်သူများကို လှည့်စားခြင်းဖြစ်ကြောင်း မိမိတို့ သိရှိလာပြီဖြစ်ကြောင်း၊ ယင်းမှာ အကြမ်းဖက်မှု တိုက်ဖျက်ချေမှုန်းရေးနှင့် စစ်ကာလအတွင်း မိမိတို့ ခေါင်းဆောင်များအပေါ် ယုံမှတ်အပ်နှံမှုကို အခြေခံ ချိုးဖောက် ဖျက်ဆီးပစ်လိုက်ခြင်းပင် ဖြစ်ကြောင်း၊ ယူရေနီယံ ထောက်လှမ်းရေးသတင်း၏ အားနည်းချက်ကို အစိုးရအဖွဲ့တွင်းမှ မည်သူများက မည်သည့်အချိန်တွင် သိရှိသည်ကို မိမိတို့ ဖော်ထုတ်ဖို့လိုအပ်ကြောင်း လိုက်ဘာမင်းက ပြောဆိုသည်။

ယူရေနီယံသတင်းနှင့် စပ်လျဉ်း၍ သံသယရှိသည်ကို စီအိုင်အေက အမေရိကန်နှင့် ဗြိတိန်အာဏာပိုင်များအား ၂၀၀၂ ခုနှစ်ကုန်ပိုင်းက သတိပေးခဲ့ကြောင်း သတင်းစာများက ရေးသားဖော်ပြကြသည်။

အာဖရိကတိုက်သို့ ခရီးထွက်နေသည့် သမ္မတဘုရှ်က ၎င်း၏ နိုင်ငံတော်အခြေပြမိန့်ခွန်းကို အမေရိကန် ထောက်လှမ်းရေးအေဂျင်စီများက ကြည့်ရှုစစ်ဆေးပြီးမှ ခွင့်ပြုခြင်းဖြစ်ကြောင်း သောကြာနေ့က ဖွင့်ဟပြောကြားလိုက်သည်။

ပိုမိုလုံခြုံပြီး ငြိမ်းချမ်း

ယင်းသို့ စစ်ဆေးပြီးမှ မိမိသည် မိန့်ခွန်းထဲတွင် ထည့်သွင်းပြောကြားပြီး ဆက်ဒမ်ဟူစိန်အစိုးရ၏ အန္တရာယ်ကို အမေရိကန်ပြည်သူများအား မိမိအသေးစိတ် ပြောပြကြောင်း၊ မိမိအစိုးရသည် အန္တရာယ်ကို သင့်တော်သလို တုံ့ပြန်အရေးယူခဲ့၍ ကမ္ဘာကြီးပိုမိုလုံခြုံပြီး ငြိမ်းချမ်းလာသည်ဟု ဘုရှ်က ပြောဆိုသည်။

အီရတ်စစ်ပွဲကို ထောက်ခံခဲ့သူ တစ်ဦးဖြစ်သူ အခြားသော ထိပ်တန်းဒီမိုကရက်တစ် သမ္မတလောင်း အထက်လွှတ်တော်အမတ် ဂျွန်ကာရီကလည်း အီရတ်စစ်ပြီးကာလတွင် အီရတ်လုံခြုံရေးအတွက် နိုင်ငံတကာတပ်မဖွဲ့စည်းဘဲ သမ္မတဘုရှ်အစိုးရသည် စိတ်ကြီးဝင်နေသည်ဟု စွပ်စွဲလိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

သမ္မတဘုရှ်အပေါ် အများပြည်သူ ယုံကြည်လက်ခံနိုင်မှု အီရတ် လက်နက်ကိစ္စနှင့် စပ်လျဉ်း၍ ဒီမိုကရက်တို့ စိန်ခေါ်

ဝါရှင်တန် ဇူလိုင် ၁၂

အီရတ်နိုင်ငံအား အမေရိကန်အစိုးရက ကျူးကျော်တိုက်ခိုက်ရန် ဆုံးဖြတ်ခြင်းအပေါ် အချေအတင်ဆွေးနွေးရေးအတွက် ဒီမိုကရက်များက နိုင်ငံရေးအုံ့ပုန်းကိစ္စများကို ဆွပေးကာ သမ္မတဘုရှ်အပေါ် အများပြည်သူ ယုံကြည်လက်ခံနိုင်မှုကို ယနေ့ စိန်ခေါ်လိုက်သည်။

အထူးသဖြင့် ဒီမိုကရက်တစ်ပါတီနှင့် ဒီမိုကရက်တစ်ပါတီဝင် သမ္မတလောင်းအလားအလာရှိသူများက အီရတ်၏ ခြိမ်းခြောက်မှုကို အမေရိကန်ပြည်သူများအား သမ္မတဘုရှ်၊ သို့မဟုတ် ၎င်း၏အစိုးရတို့အနေဖြင့် တမင်သက်သက် လမ်းလွှဲခဲ့သည်ဟု အကြံပြုစွပ်စွဲချက်တင်လုမတတ် ဝေဖန်ပြောဆိုကြသည်။

အီရတ်အား စစ်စတင်တိုက်ခိုက်ရေးကို ထောက်ခံခဲ့ကြစဉ်က ကွန်ဂရက်မှ အများနည်းတူ မိမိတို့လည်း အစိုးရအား လုပ်ပိုင်ခွင့်အပြည့် လွှဲအပ်ပေးခဲ့သည်မှာ မှားယွင်းမှုတစ်ရပ်ဖြစ်ကြောင်း၊ ယခုအခါ မိမိသဘောပေါက် နားလည်လာပြီဟု နယူးဟမ်ရှိုင်းယားပြည်နယ် မဲဆွယ်ထွက်စဉ် သမ္မတလောင်းအဖြစ် အလားအလာရှိသူ ဟောင်းဝပ်အင်းက ပြောကြားလိုက်သည်။

အီရတ်နိုင်ငံ၌ လူအစုအပြုံလိုက် သေစေနိုင်သော လက်နက်မရှိကြောင်း ဆက်ဒမ်ဟူစိန်က ပြောသောအခါ အီရတ်စစ်ပွဲမှာ တရားမျှတကြောင်း ပြသရန်အတွက် အမေရိကန်သမ္မတဘုရှ်နှင့် အစိုးရအရာရှိများက ဆက်ဒမ်ဟူစိန် လိမ်လည်ပြောဆိုသည်ဟု စွပ်စွဲခဲ့သည်။

သမ္မတဘုရှ်သည် နိုင်ငံတော်အခြေပြ မိန့်ခွန်းပြောကြားရာ၌ နျူကလီးယားလက်နက် ထုတ်လုပ်ရန်အတွက် အီရတ်သည် အာဖရိကနိုင်ငံများမှ သန့်စင်ပြီး ယူရေနီယံများဝယ်ရန် မကြာမီက ကြိုးပမ်းခဲ့ကြောင်းဖြင့် ထည့်သွင်းပြောကြားလိုက်သည်။

သို့သော် ထိုသက်သေခံ အထောက်အထားမှာ နောက်ပိုင်းတွင် လိမ်ညာချဲ့ထွင်ထားခြင်းသာဖြစ်ကြောင်း တွေ့ရပြီး အီရတ်၌ တိုက်ပွဲကြီးများ ပြီးဆုံး၍ ရက်သတ္တ ဆယ်ပတ်ကြာသည့်တိုင်အောင် ထိုလက်နက်များကို အမေရိကန်တပ်များက ရှာဖွေမတွေ့ရှိသေးပေ။

အင်တာနက်။

ကမ္ဘာ့လိုက်ဝိတ်တန်း လက်ဝှေ့စိန်ခေါ်ပွဲ

ကမ္ဘာ့လိုက်ဝိတ်တန်း လက်ဝှေ့ချန်ပီယံ ဂိုင်ယာနာနိုင်ငံသား ဗီဗီယန်ဟာရစ်(ဝဲ)နှင့် စိန်ခေါ်သူ ပြင်သစ် နိုင်ငံသား ဘော်လေမန် အမ်ဆားတို့အား ကိုယ်အလေးချိန်ချိန်ပြီးနောက် လက်ဝှေ့ပွဲသွင်းသူ ဒွန်ကင်းနှင့်အတူ ဇူလိုင် ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လူဦးရေမတန်တဆ တိုးပွားမှု ရှောင်ရှားရေး အင်ဒိုနီးရှားဝန်ကြီး ပြောဆို

ဂျကာတာ ဇူလိုင် ၁၂

အင်ဒိုနီးရှားနိုင်ငံ၏ သဘာဝ သယံဇာတ အရင်းအမြစ်များကို ကျော်လွန်ဖုံးလွှမ်းသွားစေမည့် လူဦးရေ မတန်တဆ များပြားမှုကို ရှောင်လွှဲနိုင်စေရေးအတွက် လူဦးရေထိန်းချုပ်ရေးအစီအစဉ်ကို ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း အင်ဒိုနီးရှားပြည်သူ့ဖူလုံရေးဝန်ကြီး ဂျူဆက်ကယ်လာက သတိပေးလိုက်သည်။

လူဦးရေတိုးပွားမှုကို မထိန်းချုပ်လျှင် အင်ဒိုနီးရှားတွင် ၂၀၅၀ ပြည့်နှစ် အရောက်၌ လူဦးရေသန်း ၄၀၀ ကျော်ရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်ဟု ဂျကာတာပို့စ်သတင်းစာက သောကြာနေ့တွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

တိုနီဘလဲ၏ ကျိုးကြောင်းပြချက် အဓိပ္ပာယ်မရှိဟု ရော်ဘင်ကွတ်ဝေဖန်

လန်ဒန် ဇူလိုင် ၁၂

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ အီရတ်စစ်ပွဲအတွက် ကျိုးကြောင်းပြချက်မှာ အဓိပ္ပာယ်ထင်ထင်ရှားရှား မရှိသည့်လက္ခဏာကို စတင်ပြခဲ့ပြီဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ရော်ဘင်ကွတ်က ပြောကြားလိုက်သည်။

ဝန်ခံ

မတ်လအတွင်းက အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်၏ လက်ထဲတွင် လူအစုအပြုံလိုက်သေစေနိုင်သော လက်နက်များမရှိပါဆိုသည်ကို လုံးလုံးအဓိပ္ပာယ်မရှိဟု ဝန်ကြီးချုပ်တိုနီဘလဲက ပယ်ချခဲ့ကြောင်း၊ ယခု ရက်သတ္တပတ်တွင်မူ ဆက်ဒမ်ဟူစိန်၏ မရှိပါဟူသော ပြောစကား မှန်ကန်သည်ဟု ဗြိတိန်အစိုးရက ယခုလက်ခံကာ ဝန်ခံလိုက်ပြီဖြစ်ကြောင်းဖြင့် ရော်ဘင်ကွတ်က အင်ဒီပင်းဒင့်သတင်းစာတွင် ရေးသားလိုက်သည်။

အင်တာနက်။





သမ္မတဘုရှ် မိန့်ခွန်းတွင် မှားယွင်းသော အချက်အလက်များ ပါဝင်ခဲ့ မိမိတွင် တာဝန်ရှိသည်ဟု စီအိုင်အေညွှန်ကြားရေးမှူး ဝန်ခံ

ဝါရှင်တန် ဇူလိုင် ၁၂

အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်သည် ယူရေနီယံဓာတ်သတ္တုကို ဝယ်ယူရန် လုပ်ဆောင်ခဲ့ကြောင်း စသည်ဖြင့် မှားယွင်းသော အချက်အလက်များကို အမေရိကန်သမ္မတ ဘုရှ်က သူ၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ခြင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်စရာ ကြုံလာရသည်။ သမ္မတ၏ အမှားအယွင်းများသည် မိမိတွင် တာဝန်ရှိပါသည်ဟု စီအိုင်အေ အကြီးအကဲ ဂျော့တင်းနက်က သောကြာနေ့၌ ဝန်ခံလိုက်သည်။

အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်သည် နျူကလီးယားလက်နက် ထုတ်လုပ်ရန်အတွက် ရည်မှန်းချက်ရှိခဲ့ကြောင်း၊ ထိုရည်မှန်းချက်အတွက် နျူကလီးယား လောင်စာ ယူရေနီယံဝယ်ယူရန် လုပ်ဆောင်ခဲ့ကြောင်း စသည်ဖြင့် မှားယွင်းသော အချက်အလက်များကို အမေရိကန်သမ္မတ ဘုရှ်က သူ၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ခြင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်စရာ ကြုံလာရသည်။ သမ္မတ၏ အမှားအယွင်းများသည် မိမိတွင် တာဝန်ရှိပါသည်ဟု စီအိုင်အေ အကြီးအကဲ ဂျော့တင်းနက်က သောကြာနေ့၌ ဝန်ခံလိုက်သည်။

အီရတ်အစိုးရသည် အာဖရိကတိုက် နိုင်ဂျာနိုင်ငံမှ အဏုမြူဓာတ်သတ္တုကြွယ် ယူရေနီယံသတ္တု ဝယ်ယူသည်ဆိုသော မှားယွင်းသည့် စွပ်စွဲချက်အတွက် မိမိတွင် တာဝန်ရှိသည်ဟု တင်းနက်က ပြောကြားသည်။ ထိုအရှုပ်တော်ပုံတွင် ဗြိတိန်အစိုးရရော၊ အမေရိကန်အစိုးရပါ ပါဝင်ပတ်သက်နေသည်။

ယခု သီတင်းပတ်တွင် သမ္မတ အိမ်ဖြူတော်က သမ္မတ၏ မိန့်ခွန်းတွင် အထက်ပါ စွပ်စွဲချက်နှင့်ဆိုင်သော စကားရပ်များသည် မထည့်သွင်းသင့်သော စာသားများဖြစ်ကြောင်း ပြောကြားခဲ့သည်ဟုဆိုသည်။ အကြောင်းမှာ ထိုမိန့်ခွန်း အခြေခံ ထားသော အထောက်အထားများသည် မှန်ကန်ခြင်း မရှိသည်ကို တွေ့ရှိခဲ့သောကြောင့် ဖြစ်သည်။

သမ္မတဘုရှ်သည် အာဖရိကသို့ ခရီးထွက်လျက်ရှိသည်။ ခရီးစဉ်တွင် သမ္မတနောက်မှ တကောက်ကောက် လိုက်ပြီး အထက်ပါကိစ္စကို သတင်းထောက်များက မေးမြန်းခဲ့ကြသည်ကို ဖြေကြားရာ၌ သမ္မတက ၎င်း၏ မိန့်ခွန်းကို ထောက်လှမ်းရေးအဖွဲ့က အတည်ပြုပေးခဲ့သည်ဟု ဖြေကြားခဲ့သည်။

သမ္မတက အထက်ပါအတိုင်း ဖြေကြားခဲ့ပြီး နာရီပေါင်း အတန်ကြာသောအခါ စီအိုင်အေထောက်လှမ်းရေး ညွှန်ကြားရေးမှူး တင်းနက်က သမ္မတ အနေနှင့် သူပြောကြားသည်များကို မှန်သည်ဟု လက်ခံယုံကြည်သည့်အတွက် ပြောကြားခဲ့ခြင်းဖြစ်သည်။ မှန်သည်ဟု လက်ခံနိုင်စရာအကြောင်းလည်း များစွာရှိပါသည်ဟု ထုတ်ဖော်ပြောကြားသည်ဟု ဆိုသည်။

သမ္မတဘုရှ်က သူ့အနေဖြင့် အီရတ်ကို စစ်ပြုရန် လုပ်ပိုင်ခွင့်ရှိသည့်အလျောက် လုပ်ဆောင်ခဲ့ခြင်းသာ ဖြစ်သည်ဟု ယူဂန္ဒာနိုင်ငံ အင်တာဘီတွင် သတင်းထောက်များအား ဖြေကြားခဲ့သည်။

သမ္မတက မိမိအနေဖြင့် ထောက်လှမ်းရေးအဖွဲ့က ကင်းရှင်းကြောင်း အတည်ပြုပေးခဲ့ပြီးဖြစ်သော မိန့်ခွန်းကို ပြောကြားခဲ့ခြင်းသာ ဖြစ်သည်။ အမေရိကန်လူထုကို ဆက်ဒမ်အစိုးရက ပေးနိုင်သည့် အန္တရာယ်များနှင့် ပတ်သက်သည်များကို အသေးစိတ် အသိပေးခဲ့သည်။ မိမိ၏ အစိုးရ အနေဖြင့် အခြေအနေနှင့် သင့်တော်မည့် တုံ့ပြန်မှုမျိုးကိုသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်ဟု ပြောကြားသွားသည်။

အမေရိကန်သမ္မတ ဘုရှ်နှင့် ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲတို့သည် ဆက်ဒမ်အစိုးရက အမှန်ခြိမ်းခြောက်နိုင်သည့် အခြေအနေထက် လွန်ကဲစွာ ချဲ့ကား အသိပေးခြင်းဖြင့် လူထုကို လမ်းမှားသို့ ရောက်စေခဲ့သည်ဟူသော စွပ်စွဲချက်များနှင့် ရင်ဆိုင်နေရပြီး ဝေဖန်မှုများ ခံနေရသည်။ ***အင်တာနက်။***

ကင်းလှည့်စောင့်ကြပ်

အီရတ်နိုင်ငံ ရာမာဒီမြို့တွင် အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ နန်းတော်ဂိတ်ဝ၌ သံချပ်ကာကားကို အမိုးတပ်၍ နေပူဒဏ်မှ ကာကွယ်ရင်း ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်သားတစ်ဦးအား တွေ့မြင်ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖြဟ္မပုတြမြစ်နှင့် မြစ်လက်တက်များ ရေလျှံ

နယူးဒေလီ ဇူလိုင် ၁၂

ဖြဟ္မပုတြမြစ်နှင့် မြစ်လက်တက်များ ရေလျှံမှုကြောင့် အိန္ဒိယနိုင်ငံ အရှေ့ပိုင်း အာသံပြည်နယ်တွင် လူ ၁၆ဦး သေဆုံးပြီး ၎င်းပြည်နယ်မှ ခရိုင် ၂၀ အတွင်းရှိ ပြည်သူ ၁ ဒသမ ၉ သန်းမှာ ရေဘေးဒုက္ခကို ခံစားနေကြရသည်။

မကြာခင်နှစ်များအတွင်း ယင်းကဲ့သို့ ရေလျှံမှုမျိုး မြင်တွေ့ခဲ့ရခြင်း မရှိကြောင်း၊ ရွာပေါင်း ၃၀၀၀ နီးပါးခန့် ရေလွှမ်းမိုးမှုဒဏ် ခံရပြီး လူ ၂၅၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ကြရကြောင်း ဒေသခံ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ရေလျှံမှု အကြီးအကျယ် ခံရသော ပြည်နယ်သည် ဒီမာဂျီ ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်တပ်သားများ ထိခိုက်သေဆုံးမှု မမှန်းဆနိုင် လူထုစစ်တမ်း ကောက်ယူမှု၌ ဖော်ပြ

ဝါရှင်တန် ဇူလိုင် ၁၂

အီရတ်နိုင်ငံ၌ အမေရိကန်တပ်သားများ၏ ထိခိုက်သေဆုံးမှု ပမာဏကို ကြိုတင်မှန်းဆ၍ မရနိုင်ကြောင်း လေ့လာဆန်းစစ်မှု ကောက်ယူသည့် အမေရိကန်နိုင်ငံသား ၁၀၀၆ ဦးအနက် ထက်ဝက်ကျော်က ပြောကြားသည်ဟု သောကြာနေ့က ထုတ်ပြန်သည့် အေဘီစီနယူးစ်နှင့် ဝါရှင်တန်ပို့စ် သတင်းစာတို့၏ လူထုစစ်တမ်း ကောက်ယူမှုတွင် ဖော်ပြထားသည်။

ယုံကြည်စိတ်ချမှုကျဆင်း

လေ့လာဆန်းစစ်မှု၏ ရလဒ်အရ အီရတ်နိုင်ငံ၌ အမေရိကန်တပ်သားများ ထိခိုက်မှုအပေါ် စိုးရိမ်ပူပန်မှု တိုးပွားနေပြီး ဘုရှ်အစိုးရအား ယုံကြည်စိတ်ချမှု ကျဆင်းလာကာ မတ်လအတွင်းက အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များက စစ်ပွဲများ တိုက်ခိုက်သင့်၊ မသင့် အပေါ် သံသယပွားမှုကို တိုးမြင့်စေကြောင်းကို ပြသရာ ရောက်စေသည်။

အီရတ်စစ်ပွဲ ဆင်နွှဲရခြင်းသည် တရားမျှတမှုရှိကြောင်း ပြသရန် အသုံးချခဲ့သည့် ထောက်လှမ်းရေး သတင်းအချက်အလက်နှင့် စစ်ပွဲအား ဘုရှ်၏ ကိုင်တွယ်မှုတို့အား ဝေဖန်ပြစ်တင်မှု ကြီးထွားနေချိန်နှင့် ဘဂ္ဂဒက်မြို့ ကျဆုံးပြီးနောက် အမေရိကန်တပ်သားများ ထိခိုက်သေဆုံးမှု များပြားနေချိန် ဇူလိုင် ၉ ရက်မှ ၁၀ ရက်အတွင်း ယင်းစစ်တမ်းကောက်ယူမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပထမဆုံးအကြိမ်

စစ်တမ်းကောက်ယူခဲ့သူ လူများစုဖြစ်သည့် ၅၂ ရာခိုင်နှုန်းက အီရတ်နိုင်ငံ၌ အမေရိကန်တပ်သားများ ထိခိုက်ကျဆုံးမှုမှာ ကြိုတင်မှန်းဆ၍ မရနိုင်ကြောင်း ပထမဆုံးအကြိမ်အဖြစ် ပြောဆိုခဲ့သည်။ အီရတ်စစ်ပွဲမှာ တိုက်သင့်တိုက်ထိုက်သည့် စစ်ပွဲဖြစ်သည်ဟု ပြောကြားသူမှာ ၅၇ ရာခိုင်နှုန်း ရှိခဲ့သော်လည်း ဧပြီလက ယင်းကဲ့သို့ ပြောဆိုသူ ၇၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ကျဆင်းခဲ့ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီတလီနိုင်ငံလုပ် အပျော်စီးသင်္ဘောကြီး

ဒေါ်လာ သန်း ၅၀၀ အကုန်အကျခံကာ အီတလီနိုင်ငံတွင် တည်ဆောက်ခဲ့သော အပျော်စီးသင်္ဘောကြီး ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် ဆိပ်ကမ်းသို့ ဇူလိုင် ၁၁ ရက်က ဆိုက်ကပ်လာစဉ်။ (အဆိုပါ သင်္ဘောသည် ၉၅၂ ပေ ရှည်ပြီး ခရီးသည် ၃၀၀၀ လိုက်ပါစီးနင်းနိုင်သည်။)

(ဓာတ်ပုံ-အင်တာနက်)

မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန် ထိုင်း၊ တရုတ်၊ မြန်မာနှင့် လာအိုနိုင်ငံတို့ သဘောတူညီ

ဗန်ကောက် ဇူလိုင် ၁၂

ထိုင်း၊ တရုတ်၊ မြန်မာနှင့် လာအိုနိုင်ငံများမှ မူးယစ်ဆေးဝါး ဆန့်ကျင်တားဆီးရေးအာဏာပိုင်များက မဲခေါင်မြစ်ဒေသငယ်အတွင်း တရားမဝင် မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် မှောင်ခိုရောင်းဝယ်မှုများအား တရားဥပဒေနှင့် ညီညွတ်သည့် စီမံချက်များ ချမှတ်ဖော်ဆောင်ခြင်းဖြင့် တိုက်ဖျက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရာတွင် ခိုင်မာတောင့်တင်းစေရန် ဗန်ကောက်မြောက်ပိုင်း ကီလိုမီတာ ၇၀၀ ခန့်အကွာရှိ ချင်းရိုင်တွင် အစည်းအဝေး ကျင်းပစဉ် သဘောတူညီကြကြောင်း ဗန်ကောက်ပို့စ် သတင်းစာက ကြာသပတေးနေ့၌ ဖော်ပြလိုက်သည်။

ရည်ရွယ်

၎င်းအစည်းအဝေးက ဖော်ပြပါ နိုင်ငံလေးနိုင်ငံ အတွင်းထိ ဝင်ရောက်လုပ်ကိုင်နေသည့် မဲခေါင်မြစ်တစ်လျှောက် တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်း ဆန့်ကျင်တိုက်ဖျက်ရေးနည်းလမ်းပေါင်းစုံကို ရှာဖွေရန် ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်သည်။ အဆိုပါ တာဝန်ရှိပုဂ္ဂိုလ်များသည် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူများအား အပြန်အလှန် ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းကွန်ရက်တစ်ခု ထူထောင်ရန်လည်း သဘောတူညီကြသည်။

အဆိုပါ လုပ်ငန်းကွန်ရက်စနစ်ကို မဲခေါင်မြစ်တစ်လျှောက်ရှိ တရုတ်ပြည် ကျင်ဟောင်ဆိပ်ကမ်း၊ မြန်မာနိုင်ငံ ဘန်ပေါ်ဆိပ်ကမ်း၊ လာအိုနိုင်ငံ ဟွေဆိုင်ဆိပ်ကမ်းနှင့် ထိုင်းနိုင်ငံမှ ချန်ဆင်းနှင့် ချန်ကောင်းဆိပ်ကမ်းများတွင် ထူထောင်မည်ဖြစ်သည်။

သဘောတူညီ

မက်တာဖက်တမင်းနှင့် ဘိန်းဖြူ မူးယစ်ဆေးဝါးများသည် မဲခေါင်မြစ်ဝှမ်းတစ်လျှောက်မှ တရုတ်ပြည်တောင်ပိုင်းသို့ ဝင်ရောက်နေလျက်ရှိပြီး ယင်းဒေသ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် လေးနိုင်ငံစလုံးက အလေးအနက်ထား ပူးပေါင်းဆောင်ရွက်ရန်လည်း သဘောတူညီထားသည်ဟု ဖော်ပြပါ သတင်းစာတွင် ရေးသားထားသည်။

ခက်ခဲနိုင်မည်

လေးနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ပူးတွဲကြိုးပမ်းမှုကြောင့် မူးယစ်မှောင်ခိုသမားများ သွားနေကျလမ်းမှ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားရန် ခက်ခဲနိုင်မည်ဖြစ်ကြောင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် ကြီးကြပ်ရေး အမြဲတမ်းရုံး အကြီးအကဲ အက်ဖက်ဆာဗန်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အနောက်ဥရောပ ဒီမိုကရေစီစံတွေကို ပြည်ပပို့ကုန်လို တင်သွင်းမရနိုင်

အောင်မိုးစံ

အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်က "ကျွန်တော်တို့ရဲ့ အကြီးမားဆုံး ပို့ကုန်ပစ္စည်းဟာ လွတ်လပ်ခြင်းပဲ၊ ကမ္ဘာပေါ်မှာ အဲဒီ အနေအထားမျိုးနဲ့ ရပ်တည်သွားမယ်"လို့ ဆိုပါတယ်။ အမေရိကန်နိုင်ငံဟာ သမ္မတကာတာ လက်ထက်ကစပြီး သူတို့ရဲ့လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီစံတွေကို အမေရိကန် နိုင်ငံခြားရေး ဝါဒရဲ့လမ်းညွှန်အဖြစ် ကျင့်သုံးလာခဲ့ပါတယ်။ အထူးသဖြင့် ၁၉၈၉ ခုနှစ်က အရှေ့ဥရောပ ကွန်မြူနစ်စနစ် ပြိုကွဲသွားချိန်မှာ အမေရိကန်တို့ဟာ သူတို့ရဲ့ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီစံတွေကို နိုင်ငံရေးပို့ကုန်အဖြစ် တစ်စုံတစ်ရာ အနှောင့်အယှက် အဟန့်အတားမရှိဘဲ လုပ်ပြနိုင်တယ်လို့ ယူဆခဲ့ကြတယ်။ ဒီအယူအဆကို အလွယ်တကူ လက်ခံကျင့်သုံးခဲ့ကြတဲ့ အရှေ့ဥရောပနိုင်ငံအချို့မှာ ဘာသာရေး၊ လူမျိုးရေး၊ သွေးချောင်းစီး ပြိုကွဲ ပျက်စီးမှုတွေ၊ ပြည်သူလူထုတစ်ရပ်လုံး ဒုက္ခကြီးစွာ ကြုံရမှုတွေ ကြုံလာခဲ့ရပါတယ်။

သမ္မတကလင်တန် အစိုးရလက်ထက်မှာလည်း တရုတ်ပြည်ကြီးကို လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ ထွန်းကားရမယ်ဆိုတဲ့ ကြွေးကြော်သံနဲ့ စတင်ခဲ့ပါတယ်။ ဒါပေမယ့် ဒီကနေ့ တရုတ်ပြည်ကြီးဟာ အမေရိကန်တို့ ထင်သလို မဟုတ်ဘဲ သူ့နည်းသူ့ဟန်နဲ့ ပြောင်းလဲတိုးတက်လာခဲ့ပါတယ်။ အာရှမှာ အံ့ဖွယ် စီးပွားရေး အောင်မြင်မှုတွေရနေတဲ့ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ မလေးရှားစတဲ့ နိုင်ငံတွေဟာလည်း အနောက်ဥရောပပုံစံ၊ အမေရိကန်ပုံစံမျိုး မကျင့်သုံးခဲ့ပါဘူး။ ဒါကြောင့် နိုင်ငံတကာမှာရှိတဲ့ နိုင်ငံအသီးသီးတို့ဟာ မိမိတို့ သမိုင်းကြောင်းနောက်ခံတွေနဲ့ ဖြတ်သန်းရေး အစဉ်တွေ၊လူမှုရေး၊နိုင်ငံရေး၊ စီးပွားရေး၊ ဘဝပတ်ဝန်းကျင်တွေအပေါ် မူတည်ပြီး ပြောင်းလဲတိုးတက်လာတာဖြစ်ပါတယ်။ ဘယ်သုခမိန်ရဲ့ အကြံဉာဏ်ဖြစ်စေ၊ ဘယ်လိုပင် ရိုးသားဖြူစင်စွာ ပြောဆိုတာဖြစ်စေ ပကတိ ရပ်ဘဝအခြေအနေနဲ့ လျော်ညီဖို့က အရေးကြီးပါတယ်။

ဒီမိုကရေစီ ထွန်းကားရေးအတွက် ခေတ်နောက်ကျနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ရပ်တွင် အခြေခံစီးပွားရေး ကုန်ထုတ်လုပ်ရေး ဘဝပြုပြင် ပြောင်းလဲမှုမပါဘဲ အပေါ်ထပ်နိုင်ငံရေးအဆောက်အအုံကို ဦးစွာပြောင်းလဲဖို့ ကြိုးပမ်းမှုတွေဟာ မအောင်မြင်နိုင်ဘူးဆိုတာ ဒီကနေ့ နိုင်ငံတကာဖြစ်စဉ်တွေက သက်သေပြနေပါတယ်။ ဘာကြောင့်လဲဆိုတော့ ခေတ်နောက်ကျနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ မိမိတို့စီးပွားရေး ကုန်လုပ်စွမ်းအားစုတွေ ခေတ်မီတိုးတက်လာမှုနဲ့အတူသာ ဒီမိုကရေစီထူထောင်တက်လှမ်းနိုင်လို့ ဖြစ်ပါတယ်။ စီးပွားရေး ကုန်လုပ်စွမ်းအားစုတွေ ခေတ်မီဖွံ့ဖြိုးလာတဲ့ နိုင်ငံတွေမှာသာ ဒီမိုကရေစီအခြေခိုင်လာလေ့ရှိပါတယ်။ စီးပွားရေး ကုန်လုပ်စွမ်းအားစုတွေ ခေတ်မီဖွံ့ဖြိုးမလာသေးတဲ့ နိုင်ငံတစ်ရပ်မှာ အပေါ်ထပ် နိုင်ငံရေးလွတ်လပ်မှုဖြစ်တဲ့ ဒီမိုကရေစီကို ရှေ့တန်းတင်ဖွင့်ပေးလိုက်တဲ့အတွက် အရှေ့ဥရောပက ဒီမိုကရေစီ ထူထောင်ကူးပြောင်း လာတဲ့ နိုင်ငံအများစုမှာ ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာဆိုသလို ကြုံနေရပါတယ်။ တိုးတက်မှုထက် ဆုတ်ယုတ်မှုက ပိုများလာနေပါတယ်။ ဒါဟာ စီးပွားရေး ခြေလှမ်းမမြဲခင် နိုင်ငံရေးလွတ်လပ်မှုတွေကို ရှေ့တန်းတင် ဖွင့်ပေးလိုက်တဲ့ အမှားကြောင့် ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် လမ်းမလျှောက်နိုင်သေးတဲ့ ကလေးငယ်ကို အမြန်ပြေးခိုင်းသလို ဖြစ်ပါတယ်။ ဘယ်လိုပင် စေတနာနှင့် ဆောင်ရွက်သော်လည်း လက်တွေ့ဘဝမှာ ကြီးမားတဲ့ အခက်အခဲတွေသာ ကြုံလာရပါတယ်။ ဒီမိုကရေစီကျင့်ထုံးကျင့်စဉ်များ ရှင်သန်ကြီးထွား ဖွံ့ဖြိုးဝေဆာတည်တံ့မှုဟာ နိုင်ငံတစ်နိုင်ငံရဲ့ (ဝါ) လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ စီးပွားရေး အဆင့်အတန်းနဲ့အတူ လူနေမှုအဆင့်အတန်း၊ အသိပညာအဆင့်အတန်း အင်္ဂါသုံးရပ်တို့ တိုက်ရိုက်အချိုးကျ ဖွံ့ဖြိုးလာမှုအပေါ် မူတည်ပါတယ်။

အဲဒီအင်္ဂါသုံးရပ် ဖွံ့ဖြိုးမှုအားနည်းနေသေးတဲ့ လူ့အဖွဲ့အစည်းတွေမှာ လွတ်လပ်မှုတွေ ဖွင့်ပေးရင်လည်း လွန်ကဲတဲ့ ဒီမိုကရေစီ (Ultra Democracy)နဲ့ သရုပ်ပျက်ဒီမိုကရေစီ (Distorted Form of Democracy) များသာ ပေါ်ပေါက်လာပြီး လူ့အဖွဲ့အစည်း တိုးတက်ဖြစ်ပေါ်ရေးအတွက် အဟန့်အတားဆူးငြောင့် ခလုတ်သဖွယ်ဖြစ်စေနိုင်ပါတယ်။ ဒါတွေကို မျက်ကွယ်ပြုပြီး ဒီကနေ့ အနောက်ဥရောပနိုင်ငံကြီးတွေဟာ သူတို့ရဲ့ ဒီမိုကရေစီစံတွေကို ပြည်ပပို့ကုန်လို နိုင်ငံတကာသို့ တင်ပို့ဖို့ ကြိုးပမ်းခဲ့တယ်။ ကြိုးပမ်းနေဆဲဖြစ်တယ်။ အဲဒီလို ကြိုးပမ်းရာမှာ အကန့်အသတ်နဲ့ စစ်ပြုတဲ့နည်းတွေ၊ စီးပွားရေးပိတ်ဆို့ အရေးယူတဲ့နည်းတွေ၊ ကုလသမဂ္ဂကတစ်ဆင့် ဖိအားပေးတဲ့ နည်းတွေနဲ့ ပြည်တွင်းက သူတို့ဩဇာခံတွေ အာဏာရအောင် ဖန်တီးတဲ့ နည်းများကိုအသုံးပြုနေကြပါတယ်။ ဒီကြိုးပမ်းမှုတွေဟာလည်း မျှော်မှန်းသလို ဖြစ်မလာဘဲ အရင်းအနှီးများစွာနဲ့ အရေးနိမ့်ခဲ့ရပါတယ်။

အကန့်အသတ်နဲ့ စစ်ပြုတဲ့နည်းဟာ နှစ်ဖက်သော သက်ရှိသက်မဲ့ အင်အားစုများကို ထိခိုက်ဆုံးရှုံးစေခဲ့ပါတယ်။ ဥပမာ-ဒုတိယကမ္ဘာစစ်နောက်ပိုင်း အမေရိကန်နဲ့အနောက်နိုင်ငံအချို့ ဆင်နွှဲခဲ့တဲ့ ဗီယက်နမ်၊ ကိုရီးယား၊ အင်ဒိုချိုင်းနားဒေသစတဲ့ စစ်ပွဲများဖြစ်ပါတယ်။ စီးပွားရေးပိတ်ဆို့ ဖြတ်တောက် အရေးယူတဲ့ နည်းဟာလည်း နှစ်ဖက်သောနိုင်ငံများရဲ့ စီးပွားရေးကိုထိခိုက်ကျဆင်းစေခဲ့ပါတယ်။ ကမ္ဘာမှာ အမေရိကန်နိုင်ငံဟာ စီးပွားရေးပိတ်ဆို့ အရေးယူမှု အများဆုံးနိုင်ငံဖြစ်ပါတယ်။ နိုင်ငံတကာစီးပွားရေးဌာနရဲ့ လေ့လာချက်တစ်ရပ်မှာ အမေရိကန်ဟာ စီးပွားရေးပိတ်ဆို့ အရေးယူမှုတွေကြောင့် အမေရိကန် ကုမ္ပဏီများအဖို့ ၁၉၉၅ခုနှစ် တစ်နှစ်အတွင်းမှာပင် ဒေါ်လာ ၁၅မှ ၁၇ဘီလျံအထိ နစ်နာခဲ့ရပြီး အလုပ်သမားနှစ်သိန်းအလုပ်ထိခိုက်ခဲ့တယ်လို့ ဖော်ပြခဲ့ဖူးပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂကတစ်ဆင့်ဖိအားပေးတဲ့နည်းဟာလည်း အဲဒီလို ဖွံ့ဖြိုးဆဲနိုင်ငံတစ်ရပ်ကို နတ်ရေကန်ထဲချသလို ဒီမိုကရေစီချက်ချင်း ထွန်းကား မလာတဲ့အပြင် အထီးကျန်ဖြစ်ရေးနဲ့ ကိုယ့်လမ်းကိုယ်ရွေးရေးကိုသာ တွန်းပို့ခဲ့ပါတယ်။

ပြည်တွင်းမှာ မိမိဩဇာခံများ အာဏာရရေးအတွက် ကြိုးပမ်းမှုတွေဟာလည်း အဲဒီ ကာယကံရှင်နိုင်ငံများရဲ့ ပြည်တွင်းရေးကို တင်းမာစေပြီး ပြည်သူတွေ အကျပ်အတည်းမျိုးစုံ ကြုံတွေ့စေပါတယ်။

ဒီကနေ့ အမေရိကန်နဲ့အနောက်အုပ်စုအပေါင်းပါတွေဟာ မြန်မာပြည်တွင်းရေးမှာ တစ်ဖက်ကို အကြွင်းမဲ့ထောက်ခံပြီး တစ်ဖက်ကိုအကြွင်းမဲ့ဆန့်ကျင်တဲ့ တစ်ဖက်စောင်းနင်း စွက်ဖက်လာနေတဲ့အတွက် ပြည်တွင်းတည်ငြိမ်မှုတွေကို ထိခိုက်လာစေခဲ့ပါတယ်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို အခြေခံပြီး ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီ ထူထောင်တက်လှမ်းရေးကိုလည်း အဟန့်အတားသဖွယ် ကြုံလာစေပါတယ်။ ဒီနည်းနဲ့ အနောက်ဥရောပ ဒီမိုကရေစီစံတွေကို မြန်မာနိုင်ငံတွင်ထူထောင်ဖို့ ၁၅နှစ်တိုင် ကြိုးပမ်းမှုတွေဟာ ဘယ်လိုမှ ခရီးမရောက်ခဲ့ပါဘူး။ ဒါတွေဟာ ပြည်သူအကျိုးကို မျက်ကွယ်ပြုပြီးတစ်ဖွဲ့၊ တစ်စုအတွက်သာ ကိုယ်စားပြုခဲ့လို့ ဖြစ်ပါတယ်။ အမှန်က စက်မှုဖွံ့ဖြိုးပြီး နိုင်ငံကြီးတွေဟာ ခေတ်နောက်ကျနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ ဒီမိုကရေစီ ထူထောင် ကူးပြောင်းရာမှာ ရှေ့ဆောင်လမ်းပြသဖွယ် အပြုသဘော ကူညီသွားဖို့သာ ဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်းက စစ်ရေးနည်းနဲ့ အာရှဈေးကွက်ကို လွှမ်းမိုးဖို့ ကြိုးပမ်းခဲ့တဲ့ ဂျပန်ဟာ မအောင်မြင်ခဲ့ပါဘူး။ ဒုတိယကမ္ဘာစစ်အပြီး စစ်အေးကာလမှာ စီးပွားရေးနည်း သက်သက်နဲ့ ကြိုးပမ်းလာတဲ့ ဂျပန်ဟာ အာရှဈေးကွက် သာမက ကမ္ဘာ့ဈေးကွက်ကိုပါ လွှမ်းမိုးလာခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဂျပန်ထုတ်ကုန်တွေဟာ နိုင်ငံတကာ လူ့အဖွဲ့အစည်းအတွက် အကျိုးဖြစ်ထွန်းလာလို့ဖြစ်ပါတယ်။ အဲဒီလို နိုင်ငံတကာ လက်ခံလာတဲ့ နည်းလမ်းတွေ မကျင့်သုံးဘဲ ကျူးကျော်စစ်ပြုမှု၊ စီးပွားရေးပိတ်ဆို့ အရေးယူ၊ အကျပ်ကိုင်မှုတွေကို ကျင့်သုံးနေတဲ့ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းအပါတွေအပေါ်မှာ နိုင်ငံတကာက ဗိုလ်ကျစိုးမိုးရေးဝါဒီ ကိုလိုနီလက်သစ်လို့ မြင်နေကြပါတယ်။ အထူးသဖြင့် အမေရိကန်ကို ကမ္ဘာ့ပုလိပ်ကြီးလို့တောင် ခေါ်နေကြပါတယ်။

ဒီကနေ့လည်း မြန်မာနိုင်ငံမှာ ကျပ်တည်းဝေဖန်မှုတ်လာရင် ဒီမိုကရေစီအုံကြွမှုကြီး ပေါ်ပေါက်လာမယ်လို့ ယူဆရင်တော့ တကယ်တက်စင်အောင် မှားပါတယ်။ ဘာကြောင့်လဲဆိုတော့ စီးပွားရေး ငတ်မွတ်ကျပ်တည်းလာတဲ့ လူ့အဖွဲ့အစည်း တစ်ရပ်ဟာ စည်းကမ်းသေဝပ်မှုနဲ့ အသိပညာလေ့လာလိုက်စားမှုတွေ ခေါင်းပါးလာတဲ့အတွက် ဝေဖန်ပိုင်းခြားမှု နည်းပါးတဲ့ မင်းမဲ့စရိုက်ဆိုးတွေနဲ့ သူတစ်လူ၊ ငါတစ်မင်း ပရမ်းပတာအုံကြွမှု (Moboeracy)သာဖြစ်လာပြီး တပ်မတော် အာဏာသိမ်းမှုဟာ တံခါးပေါက်ကထွက်ပြီး ပြူတင်းပေါက်က ပြန်ဝင်လာရတဲ့ သံသရာလည်စေမှုကိုသာ ဖြစ်ပေါ်လာမယ် ဖြစ်ပါတယ်။

ဒါကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ ဒီမိုကရေစီထူထောင်ကျင့်သုံးရေးအပေါ် ဒေါက်တာ ဂူနာမာဒယ်ရေးတဲ့ လူမျိုးများ ခေတ်နောက်ကျ မဖွံ့ဖြိုးမှုများကို ဆန်းစစ်ခြင်းစာတမ်း (Dr.Gunnar K. Myrdal-Aninquiry into the poverty of nations: Vol; 2) မှာ အခုလို သုံးသပ်ပြထားပါတယ်။

လွတ်လပ်ရေးခေတ်။ ။ လွတ်လပ်စ အာရှနိုင်ငံများဟာ မိမိတို့ဖွဲ့စည်းပုံ ဥပဒေများမှာ အနောက်ဥရောပနိုင်ငံများက ခေတ်မီအဆင့်မြင့်တဲ့ အချိန်ကျမှသာ ရရှိခံစားလာရတဲ့ ဒီမိုကရေစီ အခွင့်အရေးတွေကို အပြည့်အဝ ထည့်သွင်း ရေးဆွဲခဲ့ကြတယ်။ လူတိုင်းမဲပေးခွင့်ဆိုတဲ့ အယူအဆဟာလည်း လူမှုရေးနဲ့စီးပွားရေး တန်းတူညီမျှရေး (Eqalitarianism) ဆိုတဲ့ ရေပန်းစားနေသော အယူအဆနဲ့ ဆက်သွယ်လျက်ရှိသည်။ အဲဒီလိုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ အချောကိုင်ရာတွင် ထင်ရှားတဲ့ အနောက်တိုင်း ဖွဲ့စည်းပုံဥပဒေပညာရှင်တွေလည်း ပါဝင်ခဲ့ကြတယ်။ ဖွံ့ဖြိုးဆဲ နိုင်ငံများမှာ နိုင်ငံရေးဒီမိုကရေစီ ကြန်အင်လက္ခဏာ အပြည့်ပါတဲ့ နိုင်ငံရေးစနစ်တစ်ရပ် ထူထောင်ပေးလိုက်ရင် ဒါဟာလက်တွေ့မှာ အလုပ်ဖြစ်ပါ့မလား၊ ဒါရဲ့ အကျိုးသက်ရောက်မှုတွေဟာ ဘယ်လိုဖြစ်လာမလဲဆိုတာ အလေးအနက် မစဉ်းစားခဲ့ကြပါ။ အခုအထိလည်း လက်တွေ့ကျကျ စဉ်းစားမှုနည်းနေသေးတယ်။ ပထမကမ္ဘာစစ်ပြီးကာလ ဥရောပအလယ်ပိုင်း၊ အရှေ့ပိုင်းနဲ့တောင်ပိုင်း ဒေသများမှာ ပေါ်ထွက်လာတဲ့ ဒီမိုကရေစီနိုင်ငံသစ်များ အခြေမခိုင် ဖြစ်ရပုံကို ဘယ်သူမှ အလေးအနက် မပြုခဲ့ကြပါ။ အနောက်ဥရောပ အရင်းရှင် ဒီမိုကရေစီ နိုင်ငံကြီးများက မျိုးဆက်သစ်တွေဟာ မိမိတို့နိုင်ငံများ ခေတ်မီတိုးတက်တဲ့ အဆင့်ကို မရောက်သေးခင် လွန်ခဲ့သောအနှစ် ၃၀၊၄၀အတွင်းမှာ အကန့်အသတ်နဲ့ မဲပေးခွင့်တွေ ကျင့်သုံးခဲ့ဖူးပါတယ်။ ဒီနိုင်ငံအများစုတို့ရဲ့ နိုင်ငံရေးဖွဲ့စည်းပုံတွေဟာ မဖွံ့ဖြိုးသေးစဉ်ကာလများမှာ အခုလို မဟုတ်သေးဘူးဆိုတာကို အလေးဂရုမပြုတော့ဘဲ သတိမမူဖြစ်နေပါတယ်။ ဒါဟာ ဒေါက်တာဂူနာမာဒယ်ရဲ့ လူမှုသိပ္ပံနည်းကျ သုံးသပ်တင်ပြချက် ဖြစ်ပါတယ်။

ကမ္ဘာ့ဒီမိုကရေစီဘိုးအေလို့ဆိုတဲ့ အမေရိကန်နိုင်ငံရဲ့ ဒီမိုကရေစီစံတွေကိုပင် ဒီကနေ့ အမေရိကန်ပြည်သူတွေ လိုက်နာနိုင်မှု မရှိသေးတာကို အခုလို တွေ့ရပါတယ်။ ၂၀၀၀ပြည့်နှစ် မေလ ၁၄ ရက်နေ့ နံနက်တွင် ထောင်ပေါင်းများစွာသော အမေရိကန်ပြည်သူများ ဝါရှင်တန်မြို့လယ်သို့ စုရုံးရောက်ရှိလာပြီး မိခင်တစ်သန်းချီတက်ပွဲကို ဆင်နွှဲခဲ့ကြပါတယ်။ အလားတူ ချီတက်ပွဲများကို ဝါရှင်တန်မြို့တွင်သာမက နိုင်ငံတစ်ဝန်းလုံးရှိ မြို့ကြီး ၇၀ တွင်လည်း ပြုလုပ်ခဲ့ပါတယ်။ ချီတက်ပွဲရဲ့ အဓိကတောင်းဆိုချက်ဟာ သေနတ်ထိန်းချုပ်ဖို့ အစီအစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်ပေးရေးပင် ဖြစ်ပါတယ်။ သေနတ်ကြောင့် အမေရိကန်ကလေးငယ်များ သေဆုံးရတဲ့ဦးရေဟာ ၁၉၉၄ ခုနှစ်မှာ ၄၂၂၃ဦး ရှိခဲ့တယ်။ ၁၉၉၇ ခုနှစ်မှာ ၂၈ ရာခိုင်နှုန်း လျော့ကျသွားတယ် ဆိုပေမယ့် တစ်ချိန်က ကိုလံဘိုင်းအထက်တန်းကျောင်းမှာ ပစ်ခတ်ခံရမှုက အမေရိကန် တစ်ဝန်းလုံးကို တုန်လှုပ်ချောက်ချား စေခဲ့ပါတယ်။

အဲဒီလို အမေရိကန်နိုင်ငံ ကိုလိုရာဒိုပြည်နယ် လစ်တယ်တန်မြို့ ကိုလံဘိုင်း အထက်တန်းကျောင်းတွင် သေနတ်ပစ်သတ်ခံရတဲ့ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦးရှိခဲ့ပြီး တစ်နှစ်ကြာတဲ့တိုင်အောင် အမေရိကန်နိုင်ငံမှာ တင်းကျပ်တဲ့ သေနတ်ကိုင်ဆောင်မှုဥပဒေ သတ်မှတ်ပြဋ္ဌာန်းနိုင်ရေးကို ထိရောက်စွာမကိုင်တွယ် နိုင်သေးတဲ့အတွက် အခုလိုဆန္ဒပြတယ်လို့ ဆိုပါတယ်။ သေနတ်ထိန်းချုပ်ရေး တောင်းဆိုချီတက်ပွဲ ပြုလုပ်နေစဉ်မှာပင် လူအုပ်စုအနည်းငယ် ပါဝင်တဲ့ တန်ပြန် ချီတက်ပွဲကို ရင်ဆိုင်ခဲ့ရတယ်လို့ သိရတယ်။ အဲဒီလို တန်ပြန်ချီတက်သူများက အမေရိကန်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ချက်တွင်ပါတဲ့ အမေရိကန် ပြည်သူတို့ လက်နက်ကိုင်ဆောင်ခွင့်ကို မချိုးဖောက်သင့်လို့ ဖော်ပြထားပါတယ်။

အမေရိကန် အမျိုးသားရိုင်ဖယ်အသင်း(အင်အာအေ)ရဲ့ ပြောရေးဆိုခွင့်ရှိသူ ဝိုင်းလာပီယာရီကလည်း သေနတ်ကိုင်ဆောင်ခွင့်အား မှတ်ပုံတင်ရေးနဲ့ လိုင်စင် ရယူရေးတို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်ကို ဖျက်ဆီးရာရောက်ပြီး လွတ်လပ်ခွင့် ချိုးဖောက်ရာ ရောက်တယ်လို့ ပြောကြားခဲ့တယ်။ ဒါဟာ အမေရိကန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လူတိုင်းလွတ်လပ်စွာ သေနတ်ကိုင်ဆောင်ခွင့် အခွင့်အရေးနဲ့ အမေရိကန်ပြည်သူတို့ ကြုံတွေ့နေရတဲ့ အန္တရာယ် ဖြစ်ပါတယ်။

ဒါ့အပြင် အမေရိကန်နိုင်ငံမှာ ၂၀၀၁ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့က လေယာဉ်ပြန်ပေးဆွဲ အကြမ်းဖက်တိုက်ခိုက်ခံရမှုဟာ အမေရိကန်ဒီမိုကရေစီရဲ့ ကြောက်မက်ဖွယ်ရာ လုံခြုံရေးကင်းမဲ့မှုကို အဆိုးရွားဆုံး ဖော်ပြလိုက်တာ ဖြစ်ပါတယ်။ ဒါကြောင့် အမေရိကန်ဦးဆောင်တဲ့ အနောက်နိုင်ငံအစိုးရများ အနေနဲ့ မိမိတို့လူ့အဖွဲ့အစည်းမှာပင် ပြည်သူလူထုနဲ့ အံမဝင်သေးတဲ့ ဒီမိုကရေစီ စံတွေကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပြည်ပပို့ကုန်အဖြစ် တင်ပို့ဖို့ (အကြမ်း၊ အနု) နည်းမျိုးစုံနဲ့ ကြိုးပမ်းနေမှုတွေကို သုံးသပ်သင်ခန်းစာယူသင့်ပါတယ်။ သတိသံဝေဂ ရသင့်ပါတယ်။

မကြာသေးခင်ကမှ ပူပူနွေးနွေး အမေရိကန်နဲ့ အပေါင်းပါတို့ စစ်ရေးအရ ကျူးကျော်သိမ်းပိုက်ထားတဲ့ အာဖဂန်နစ္စတန်နဲ့ အီရတ်နိုင်ငံတို့မှာပင် အမေရိကန်နဲ့ အနောက်ဒီမိုကရေစီစံတွေကို ကျင့်သုံးမရနိုင်ဘူးဆိုတာ အထင်အရှား ဖြစ်ပါတယ်။ အဲဒီနှစ်နိုင်ငံက ပြည်သူတွေဟာလည်း ဒုက္ခဆင်းရဲများစွာနဲ့ ကြုံတွေ့ရဆဲသာ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံနဲ့ အနောက်ဒီမိုကရေစီစံတွေ ဒီနိုင်ငံတွေမှာ ကျင့်သုံးလိုက်ရင်လည်း အစိတ်စိတ်အမြွှာမြွှာ သွေးချောင်းစီး ပြိုကွဲသွားဖွယ်ရာသာ ရှိနေပါတယ်။

နိုင်ငံနဲ့ လူမျိုးတစ်ရပ်ဟာ အခြားနိုင်ငံများနဲ့ လူမျိုးများရဲ့ အတွေ့အကြုံတွေကို လေ့လာသင်ယူနိုင်ပါတယ်။ ဒါပေမဲ့ နိုင်ငံနဲ့လူမျိုး အသီးသီးတို့ဟာ မိမိတို့ ရောက်ရှိနေတဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးဘဝ တိုးတက်ဖြစ်ပေါ်မှု လမ်းမှန်ပေါ်မှာသာ ခေတ်မီဒီမိုကရေစီနိုင်ငံတစ်ရပ် ထူထောင်နိုင်မှာဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းတစ်ရပ်အဖို့ ကြုံတွေ့နေရတဲ့ အခက်အခဲအကျပ်အတည်းများကို ဥပဒေပြဋ္ဌာန်းပေးလိုက်ရုံနဲ့ မရနိုင်သလို၊ ရဲမိုက်တဲ့ ခုန်ပျံကျော်လွှားမှုတွေနဲ့လည်း မလွန်မြောက်နိုင်ပါ။ မှန်တဲ့လူ့သမိုင်း တိုးတက်ဖြစ်ပေါ်ရေးတရားတွေကို ရှာဖွေတွေ့ရှိပြီး လမ်းကြောင်းမှန်ပေါ်မှာ လျှောက်လှမ်းနိုင်မှသာ ဖွားမြင်ရတဲ့ဝေဒနာ လျော့ပါးသက်သာစေလိမ့်မယ်လို့ လူမှုသိပ္ပံတရားကလည်း ဆိုပါတယ်။

ဒါကြောင့် စီးပွားရေးကုန်လုပ်စွမ်းအားစုတွေ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုနဲ့ အတူသာ ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်မယ်ဆိုတဲ့ လူမှုသိပ္ပံတရားကို ဖော်ကျူးပြီး ကာယကံရှင် လူ့အဖွဲ့အစည်းနဲ့ မကိုက်ညီတဲ့ အနောက်ဒီမိုကရေစီစံတွေကို ပြည်ပပို့ကုန်လို တင်သွင်းလို့ မရနိုင်ကြောင်း တင်ပြလိုက်ပါတယ်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၇-၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း:

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအသား ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ

ညပိုင်း:

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ဒုတိယနှစ်(ဥပဒေပညာ)
(ခ)ဒုတိယနှစ်(အင်္ဂလိပ်စာ)
၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၀ ၁၀။ သာယာသံကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရွှေ
၆:၃၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၅၀ ၁၆။ မြန်မာ့လက်သီး
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း:
နှလုံးလှဆရာဝန်
(အပိုင်း-၉)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း
(ပထမဆယ်စုနှစ်)
၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း:
ရောင်လင်နုန်ဆင်ဆိုင်းသမား
(အပိုင်း-၁၈)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ဆွမ်းလောင်းလှူ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီးဒေါ်ကြိုင်ကြိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ နိကာယ်ငါးရပ်ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲတွင် သံဃာတော်များအား ဆွမ်းလောင်းလှူစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ကြီးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

☆ **ကျောဖုံးမှ**

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တို့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ထားဝယ်မြို့ ဃောသိတာရာမတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး ၏ ဇနီးဒေါ်ခင်သန်းနွဲ့တို့သည် ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် များ၊ တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့်ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်ချတရားချီးမြှင့်

ယင်းနောက် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီး၏ ပဓာန နာယက ဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ က ရေစက်ချအနုမောဒနာတရား ချီးမြှင့်တော်မူသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်များသည် ဆရာတော်၊ သံဃာတော်များအားနေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင် များသည် နိကာယ်ငါးရပ်ပိဋကတ်သုံးပုံ စာသင်တိုက်မှ သံဃာတော်များအား ဆွမ်းလောင်းလှူကြသည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်းဆက်ကပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)တပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေး ဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော် ကြီးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြစဉ်။

(သတင်းစဉ်)

ဝါတွင်းတရားပွဲများ ဖျာပုံ၌ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

ဖျာပုံမြို့ (၈)လမ်း မဟာစည်သာသနာ့ရိပ်သာ၌ ၁၃၆၅ခုနှစ် ဝါတွင်းသုံးလပတ်လုံးတရားပွဲ များကျင်းပမည်ဖြစ်ရာ ဇူလိုင် ၂၀ရက်နှင့် ၂၁ရက်တို့တွင် မြန်အောင်ဦးပဏ္ဍိတ၊ ဇူလိုင် ၂၇ရက်နှင့် ၂၈ရက်တွင် သာယာကုန်းဆရာတော်၊ ဩဂုတ် ၄ရက်နှင့် ၅ရက်တို့တွင် ကျုံပျော်ဆရာတော်ဦးမာနိတ၊ ဩဂုတ် ၁၁ရက်နှင့် ၁၂ရက်တွင် ထီလာအရှင်ဥာဏိဿရ၊ ဩဂုတ် ၁၉ရက်နှင့် ၂၀ရက်တွင် ထီလာ အရှင်သုဇာတ၊ ဩဂုတ် ၂၅ရက်နှင့် ၂၆ရက်တွင် ကျောက်ပန်းတောင်းဆရာတော်၊ စက်တင်ဘာ ၂ရက်နှင့် ၃ရက်တွင် ဖြူးဆရာတော်၊ စက်တင်ဘာ ၉ရက်နှင့် ၁၀ရက်တွင် တွံတေးအရှင်ဣန္ဒက၊ စက်တင်ဘာ ၁၇ရက်နှင့် ၁၈ရက်တွင် မြန်အောင်ဆရာတော်ဦးထေရဝံသ၊ စက်တင်ဘာ ၂၄ရက်နှင့် ၂၅ရက်တွင် မေတ္တာအေးအရှင်သုဇာတ၊ အောက်တိုဘာ ၂ရက်နှင့် ၃ရက်တွင် ကလေးမြို့ဆရာတော် ဦးအဂ္ဂ၊ အောက်တိုဘာ ၉ရက်နှင့် ၁၀ရက်တွင် ပြန်ကပြေးဆရာတော်ဦးဇဋိလ အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ကြီးအား ဝါဆိုသင်္ကန်း နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်နယ်၊တိုင်းဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေး ကွက်လပ်မကျန်အောင် စီမံဆောင်ရွက်ပေးလျက်ရှိ ပြည်သူများအကျိုးစီးပွားအတွက်ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်သွားမည် ရရှိထားသည့် အရှိန်အဟုန်များ ပိုမိုတိုးတက်လာအောင် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်

ရန်ကုန် ဇူလိုင် ၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုတို့သည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဇူလိုင် ၁၁ရက် ညနေပိုင်းတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် မြိတ်မြို့မှတစ်ဆင့် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး လိုက်ပါလျက် တနင်္သာရီတိုင်း ကော့သောင်းမြို့သို့ရောက်ရှိကြရာ ကော့သောင်းတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်ထွန်း၊ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးတင်မောင်ညွှန့်နှင့် ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

တွေ့ဆုံ

ကော့သောင်းမြို့ရောက်ရှိပြီးနောက် မဠ္ဌုသကခန်းမ၌ ကော့သောင်းခရိုင်နှင့်ကော့သောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

နှုတ်ဆက်စကားပြောကြား

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက နှုတ်ဆက်စကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ၏ ဦးစီးဦးဆောင်လမ်းညွှန်မှုများနှင့်အညီ အစိုးရဝန်ထမ်းများ၊ တပ်မတော်သားများနှင့် ပြည်သူများ စည်းလုံးညီညွတ်စွာ လက်တွဲကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်၏ ဒေသအသီးသီးသည် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း။

ဖွံ့ဖြိုးတိုးတက်သည့် ဒေသများတွင် ကော့သောင်းခရိုင်လည်း ဒေသတစ်ခုအဖြစ် ပါဝင်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်နေသည့် ကော့သောင်းဒေသကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များရှိက ဖြည့်ဆည်းပံ့ပိုးပေးရန် မိမိတို့ရောက်ရှိလာခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ကိုဘက်ပေါင်းစုံက ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ကိုင်ဆောင်ရွက်ရာ၌လုပ်ငန်းများမှာ မြားမြောင်ရှုပ်ထွေးလှပါကြောင်း၊ လွယ်လွယ်ကူကူဖြင့် ဆောင်ရွက်ခဲ့ကြရခြင်း မဟုတ်ဘဲ အခက်အခဲများစွာကို ဖြတ်သန်း၍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကိုယ့်ခွန်ကိုယ့်အားဖြင့် ဆောင်ရွက်ခဲ့ကြရခြင်းဖြစ်ကြောင်း။

ကွာခြားပြောင်းလဲ

၁၉၈၈ခုနှစ် အခြေအနေနှင့် ပြန်လည်နှိုင်းယှဉ်ကြည့်ပါက တိုင်းပြည်၏ယနေ့အခြေအနေမှာတိုးတက်မှုများစွာဖြင့် သိသာထင်ရှားစွာ ကွာခြားပြောင်းလဲ တိုးတက်နေကြောင်း၊ ရပ်ရွာတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုအခြေအနေမှာ ယခုအခါ နိုင်ငံတော်၏အစွန်အဖျား နယ်စပ်ဒေသများအထိပင် ကျယ်ပြန့်ခိုင်မာစွာ လွှမ်းခြုံနေပြီဖြစ်ကြောင်း။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နားလည်မှုရရှိအောင်၊ ငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းတည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်မှု အခြေအနေမှာ မည်သည့်ခေတ်ကာလနှင့်မျှမတူဘဲ အားကောင်းလျက်ရှိကြောင်း၊ ယင်းအခြေအနေကောင်းများနှင့်အတူ တိုင်းပြည်၏စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်လာအောင်လည်း တစ်ပြိုင်တည်းအကောင်အထည်ဖော်နိုင်ခဲ့ကြောင်း။

ဆီအုန်းဖြစ်ထွန်း

တနင်္သာရီတိုင်း၏ ရေမြေအခြေအနေအရ ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းနိုင်သဖြင့် တနင်္သာရီတိုင်းကို နိုင်ငံတော်၏ဆီအိုးကြီး ဖြစ်စေရမည်ဆိုသည့်ရည်မှန်းချက်ဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဆီအုန်းစိုက်ပျိုးခွင့်များပြုခဲ့ကြောင်း။

နိုင်ငံတော်အစိုးရ၏ လမ်းဖွင့်ပေးမှုအပေါ် တိုင်းရင်းသား လုပ်ငန်းရှင်များကလည်း အားတက်သရောပါဝင်ပြီး ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိကြကြောင်း။

အလားတူ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လမ်းဖွင့်ပေးခဲ့ရာ တိုင်းရင်းသား လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

အားပေးကူညီ

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ လုပ်ငန်းများအောင်မြင်ရေးအတွက်အဘက်ဘက်က အားပေးကူညီပံ့ပိုးလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများအနေဖြင့် အလားတူ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော် အကြီးအကဲဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အနေဖြင့် ပြည်နယ်၊တိုင်း ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကွက်လပ်မကျန်စေရအောင် စေတနာထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခဲ့ပြီးဖြစ်သလို ဆောင်ရွက်ဆဲလည်းဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်သွားမှာလည်းဖြစ်ကြောင်း။

လက်တွဲကြိုးပမ်း

ရရှိထားသည့် အရှိန်အဟုန်များကို ပိုမိုတိုးတက်လာအောင် နိုင်ငံတော်အစိုးရနှင့်အတူ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဝန်ထမ်းများ၊ ပြည်သူများ၊ တပ်မတော်သားများ၊ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များအား ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကျော်ဖြိုးက ကော့သောင်းခရိုင် ဖွဲ့စည်းတည်ရှိမှု၊ ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ခရိုင်အတွင်း လမ်းသစ်များနှင့် တံတားသစ်များ တည်ဆောက်ဖောက်လုပ်ပြီးစီးမှု၊ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှု၊ စပါးစိုက်ပျိုးမှုနှင့် ဒေသဝမ်းစာ ဖူလုံအောင် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးမွေးမြူ

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌက ကော့သောင်းခရိုင်အတွင်း၂၀၀၂ ခုနှစ်အထိ လုပ်ငန်းရှင်များနှင့် ဒေသခံများက ဆီအုန်း ၄၆၂၀၉ ဧက စိုက်ပျိုးနိုင်ခဲ့မှုနှင့် ဆက်လက်စိုက်ပျိုးသွားမည့် အစီအမံများ၊ ငါး၊ ပုစွန်ပြည်ပသို့ တင်ပို့ရောင်းချနိုင်မှု၊ RIR နှင့် ဒေသကြက်မျိုးများ တိုးတက်မွေးမြူနိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အခြေခံများရှိ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌ တနင်္သာရီတိုင်းသည် မြေသယံဇာတ၊ ရေသယံဇာတပေါများသည့်အတွက် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ သတ္တုကဏ္ဍတို့ကို တိုးတက်ဖွံ့ဖြိုးအောင် မြှင့်တင်ဆောင်ရွက်နိုင်သည့် အခြေခံများရှိပြီးဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရကလည်း တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းများကို ဘက်ပေါင်းစုံက ဖန်တီးတည်ဆောက်ပေးလျက်ရှိကြောင်း၊ ကော့သောင်းဒေသအခြေအနေကို ပြန်ကြည့်လျှင် ယခင်နှင့် ယခုများစွာ ကွာခြားနေပြီဖြစ်ကြောင်း။

ကော့သောင်းမြို့၌ မြန်မာတို့၏ ဇာတိသွေး၊ဇာတိမာန်တက်ကြွစေရန် ခံ့ညားထည်ဝါသော ဘုရင့်နောင်ရုပ်တုနှင့် ဘုရင့်နောင်ကုန်းကို တည်ဆောက်ခဲ့ပြီး ဖြစ်သကဲ့သို့ မြို့တွင်း လမ်းများ၊ မြို့ပြင်လမ်းများကို ... တိုးချဲ့ပြုပြင်ခဲ့ကြောင်း။

လေဆိပ်အဆင့်မြှင့်

ကော့သောင်း လေယာဉ် ... လေဆိပ်အဆောက်အအုံကို ... မြှင့်တိုးချဲ့ တည်ဆောက်ခဲ့ရ ... အခါ ခရီးသည်တင် ဂျက် ... များပင် ဆင်းသက်နေပြီဖြစ် ...

ကော့သောင်း - ခမောက် ... ဘုတ်ပြင်း - မြိတ် - ထ ... ပြည်ထောင်စု လမ်းမကြီးမှ ... ရပ်လုံးပေါ်ထွက်လာပြီဖြစ် ... ထို့အတူ ကော့သောင်းမြို့ ... တစ်လျှောက် သာယာလှပ ... ဆောင်ရွက်ပြီး ကော့ ... တော်ဝင်ဆိပ်ခံတံတားသစ် ... ဆောက်ခဲ့သည့်အပြင် သော ... အတွက် ယင်းဝါရေလှောင် ... တည်ဆောက်ပေးခဲ့ကြောင်း။

ဆက်သွယ်ရေး

တယ်လီဖုန်း ဆက်သွ ... လုပ်ငန်း၌ အော်တိုတယ်လီဖု ... ဖြင့် တယ်လီဖုန်းအလုံး ၉ ... တပ်ဆင်ထားပြီးဖြစ်ကြောင်း ...

ယခင်ကပညာရေးကဏ္ဍ၌ ... တန်းကျောင်း နှစ်ကျောင်းရှိရာ ... ကိုးကျောင်းအထိ တိုးချဲ့ ... ခဲ့ပြီးဖြစ်ရာ အခြေခံပညာသင် ... စုစုပေါင်း ၁၄၂ကျောင်းအထိ ... ပြီး အခြေခံပညာကို လွယ်လ ... တိုးချဲ့သင်ကြားနိုင်သည့် အခြေ ... များ ဖြစ်ပေါ်နေပြီဖြစ်ကြော ...

အလားတူပင် ကော့သော ... ဆေးရုံကို ခုတင်-၁၀၀ ဆံ့ ဆေး ... အဖြစ်တိုးမြှင့်ခဲ့ပြီး ကျန် ... စောင့်ရှောက်မှုလုပ်ငန်းများကို ... မြှင့်တင်ဆောင်ရွက်လျက်ရှိ ...

နိုင်ငံတော် အေးချမ်း ... ဗိုလ်ချုပ်ကြီးသူရရွှေမန်း ... တပ်မတော်အရာရှိများ၊ မြို့န ... ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ... လူမှုရေးအသင်းအဖွဲ့ဝင်များ ...

ဖွံ့ဖြိုးတိုးတက်လာသော ကော့သောင်းမြို့

မြို့ပြတစ်ခု၏ အင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်လာသော ကော့သောင်းမြို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ရွှေအောင်-ကြေးမုံ)



လမ်းများ၊ မြို့ပြင်လမ်းများကိုလည်း တိုးချဲ့ပြုပြင်ခဲ့ကြောင်း။

လေဆိပ်အဆင့်မြှင့်

ကော့သောင်း လေယာဉ်ကွင်းနှင့် လေဆိပ်အဆောက်အအုံကို အဆင့်မြှင့်တိုးချဲ့ တည်ဆောက်ခဲ့ရာ ယခုအခါ ခရီးသည်တင် ဂျက်လေယာဉ်များပင် ဆင်းသက်နေပြီဖြစ်ကြောင်း။

ကော့သောင်း - ခမောက်ကြီး - ဘုတ်ပြင်း - မြိတ် - ထားဝယ် ပြည်ထောင်စု လမ်းမကြီးမှာလည်း ရုပ်လုံးပေါ်ထွက်လာပြီဖြစ်ကြောင်း၊ ထို့အတူ ကော့သောင်းမြို့ ကမ်းနားတစ်လျှောက် သာယာလှပအောင် ဆောင်ရွက်ပြီး ကော့သောင်းတော်ဝင်ဆိပ်ခံတံတားသစ်ကို တည်ဆောက်ခဲ့သည့်အပြင် သောက်သုံးရေအတွက် ယင်းဝါရေလှောင်တမံကို တည်ဆောက်ပေးခဲ့ကြောင်း။

ဆက်သွယ်ရေး

တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်း၌ အော်တိုတယ်လီဖုန်းစနစ်ဖြင့် တယ်လီဖုန်းအလုံး ၉၆၀ကျော် တပ်ဆင်ထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်၏ အားပေးခွင့်ပြုမှုအရ တိုင်းရင်းသား ပုဂ္ဂလိက လုပ်ငန်းရှင်ကိုးဖွဲ့မှာ ယခုအခါဆီအုန်းဧက ၄၅၀၀ ကျော် စိုက်ပျိုးပြီး ဒေသခံများကို အလုပ်အကိုင် ရရှိစေသည်သာမက ပညာရေးအခွင့်အလမ်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုများအတွက် စာသင်ကျောင်း၊ ဆေးခန်းများ တွဲဖက် ဖွင့်လှစ်ပေးနေသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း။

ကော့သောင်း၊ ဘုတ်ပြင်း၊ ကရသူရိနှင့် အောင်ဘာတို့၌ ထပ်ဆင့်ရုပ်သံလွှင့်စက်ရုံများကိုလည်း တိုးချဲ့တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း။

ဤသည်တို့မှာ ကော့သောင်းခရိုင်တစ်ခုအတွင်းမှာပင် နိုင်ငံတော်အစိုးရက မွန်မြတ်သော စေတနာများဖြင့် ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးခဲ့မှုများဖြစ်ကြောင်း။

ကိုယ်စွမ်းကိုယ်စ

နိုင်ငံတော် အစိုးရနှင့်အတူ ဒေသခံ အုပ်ချုပ်ရေး တာဝန်ခံများနှင့် ပြည်သူများကလည်း ပူးပေါင်းပါဝင်ခဲ့သည့်အတွက် ယခုကဲ့သို့ တိုတောင်းသော

ကော့သောင်းဒေသရှိ အုပ်ချုပ်ရေး တာဝန်ခံများနှင့် ဝန်ထမ်းများကလည်း မိမိတို့ ကိုယ်စွမ်းရှိသမျှ ဒေသအကျိုး၊ဒေသခံပြည်သူများ၏ အကျိုးကို စေတနာထား လုပ်ကိုင်သွားကြရန်ဖြစ်ကြောင်း။

ပြည်သူ့အကျိုးသယ်ပိုး

မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်မှုများသည် ပြည်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းရေး၊ ပြည်သူများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရေးတို့အတွက်သာ အလေးထားရမှာဖြစ်ကြောင်း၊ သို့ရာတွင် ပြည်သူ့အကျိုးကို သယ်ပိုးရာ၌ တည်ဆဲဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျ လုပ်နည်းမှန်စွာ လုပ်ကိုင်သွားတတ်ရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းက ကော့သောင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်ဒါဇင် ၁၀၀၀ကို ကော့သောင်းမြို့နယ် ပညာရေးမှူး ဦးစောရှိန်သို့ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်း၍ ဌာနဆိုင်ရာ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။

လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုတို့သည်တနင်္သာရီတိုင်း၌ ဆီအုန်းစိုက်ပျိုးလျက်ရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် မဉ္ဇူသကခန်းမ၌ပင်ဆက်လက်တွေ့ဆုံသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုတို့သည် ဇူလိုင် ၁၂ရက် နံနက် ၇နာရီတွင် ကော့သောင်းတပ်နယ် ဘုရင့်နောင်ခန်းမ၌ ကော့သောင်းခရိုင်အတွင်း ဆီအုန်းစိုက်ပျိုးလျက်ရှိသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက တနင်္သာရီတိုင်းကို နိုင်ငံတော်၏ဆီအိုးကြီးဖြစ်ရေး ဟူသည့်နိုင်ငံတော်၏ရည်မှန်းချက်ပြည့်မီရေးအတွက် ဆီအုန်းဧက ငါးသိန်းစိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ခရိုင်အလိုက် တိုင်းရင်းသား

စာမျက်နှာ ၁၀ ကော်လံ ၁သို့ ➪

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း ဘုတ်ပြင်းမြို့နယ်တွင် ဘုတ်ပြင်းတပ်နယ်မှ တပ်မတော်အရာရှိများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ယခင်ကပညာရေးကဏ္ဍ၌အထက်တန်းကျောင်း နှစ်ကျောင်းရှိရာမှ ယခုကိုးကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ အခြေခံပညာသင်ကျောင်းစုစုပေါင်း ၁၄၂ကျောင်းအထိ ဖြစ်ပေါ်ပြီး အခြေခံပညာကို လွယ်လင့်တကူ တိုးချဲ့သင်ကြားနိုင်သည့် အခြေအနေများ ဖြစ်ပေါ်နေပြီဖြစ်ကြောင်း။

အလားတူပင် ကော့သောင်းခရိုင်ဆေးရုံကို ခုတင်-၁၀၀ ဆံ့ ဆေးရုံကြီးအဖြစ်တိုးမြှင့်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးချဲ့မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း။

ကာလအတွင်း၌ပင် အောင်မြင်မှုအသီးအပွင့်များ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ မည်သည့် ပြည်ပအကူအညီထောက်ပံ့မှုများမပါဘဲ ကိုယ်စွမ်းကိုယ်စဖြင့်ရရှိခဲ့သော အသီးအပွင့်များလည်းဖြစ်ကြောင်း။

ရှေ့၌လည်း ကော့သောင်းဒေသအရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်ရေး၊ နယ်မြေဒေသအေးချမ်းလုံခြုံရေးတို့အတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့သည် ယခုကဲ့သို့ပင် လက်တွဲပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း။



အမှတ်တရ စိုက်ပျိုးပေး

၂၀၀၀ပြည့်နှစ် ဇန်နဝါရီ ၁၇ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကော့သောင်းမြို့ရောက်ရှိခဲ့စဉ်က ယုဇနဆီအုန်းခြံတွင် အမှတ်တရစိုက်ပျိုးပေးသော ဆီအုန်းပင်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ-ဌေးအောင်-ကြေးမုံ)

သဘာဝအလှတရားတို့ဖြင့် ဖွံ့ဖြိုးစည်ပင်နေသော မြို့ကော့သောင်း

သတင်းဆောင်းပါး-သိန်းဝင်းလတ်၊ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

ရန်ကုန် ဇူလိုင် ၁၃

ကော့သောင်းမြို့သည် မြန်မာနိုင်ငံ တောင်ဘက်စွန်းတွင် တည်ရှိ၍ တောင်တန်းများကာဆီးထားပြီး ပင်လယ်ပြာနှင့် ကျောက်ဆောင်၊ သဲသောင်ဖွေးဖွေးတို့ ဝန်းရံလျက်ရှိသော သာယာလှပသည့် မြို့တစ်မြို့ဖြစ်သည်။ ကော့သောင်းမြို့သည် နယ်စပ်မြို့တစ်မြို့ဖြစ်သည်နှင့်အညီ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် အချက်အချာကျသော ဒေသတစ်ခုလည်းဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဦးတည်ချက်(၁၂)ရပ်နှင့်အညီ နိုင်ငံတော်ကြီးအား ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ကော့သောင်းမြို့သည်လည်း မြို့အင်္ဂါရပ်နှင့်အညီ ပြောင်းလဲတိုးတက်လာနေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရပေပြီ။

မြန်မာနိုင်ငံတောင်ဘက်စွန်း၏ ကျွန်းအောင်မြေအဖြစ် လည်းကောင်း၊ စိန်ရောင်ကဲ့သို့ထွန်းပြောင်၍ မြဲရောင်ကဲ့သို့ အေးမြစေရန် စေတီတော်အား **ဒီပါအောင်မြေ စိန်ရောင်ခြည်မြစေတီတော်** ဟု ဘွဲ့အမည်ပေးတော်မူကြသည်။ စေတီတော်တည်ထားရာကုန်းတော်ကိုလည်း မဟာဓမ္မပါလဓာတ်တော်လာ ဓမ္မပါလရွာသားများကဲ့သို့ နိုင်ငံတစ်ဝန်းမှ ပြည်သူများအသက်ရှည်ကာချမ်းသာစွာဖြင့် တရားစောင့်ရှောက်နိုင်ကြစေရန် ရည်သန်လျက် ဓမ္မပါလကုန်းတော်ဟု အမည်ပေးတော်မူသည်။

ကော့သောင်းမြို့၏ တည်ဆောက်ရေးလုပ်ငန်းများတွင် မြန်မာ့ဂုဏ်ရောင်ထွန်းပြောင်စေခဲ့သော ဘုရင့်နောင်မင်းတရားကြီးရုပ်တု တည်ဆောက်ခြင်းနှင့် ရုပ်တုကုန်းမြေ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းစီမံချက်တစ်ခုလည်း အပါအဝင်ဖြစ်ပေသည်။

ဓာတ်သွေး၊ ဓာတ်မာန်

မြန်မာ့ဓာတ်သွေး၊ ဓာတ်မာန်ကို ဖော်ညွှန်းသော ကော့သောင်းမြို့ရှိ ဘုရင့်နောင်ရုပ်တု။

(ဓာတ်ပုံ-ဌေးအောင်-ကြေးမုံ)

နိုင်ငံတော်၏ သယံဇာတကို မထိခိုက်စေဘဲ ဝင်ငွေရသော အပန်းဖြေစခန်း ဖြစ်သည့် ဆလုံကျွန်းအပန်းဖြေစခန်းသည် နာမည်ကျော်သူဌေးကျွန်းအပန်းဖြေ ဟိုတယ်တည်ရှိရာ သူဌေးကျွန်းအနီး မလုမ်းမကမ်းတွင်တည်ရှိပြီး ကျွန်း၏သဘာဝအလှနှင့် ကမ်းခြေမှာ ပန်တင့်လှသည်။ ကျွန်းပေါ်တွင် သစ်ရိပ်ဝါးရိပ်များ၌ လှည့်လည်ခိုနားနိုင်သကဲ့သို့ ဆလုံကျွန်းစေတီကိုလည်း သပ္ပာယ်စွာဖူးမြော်နိုင်ပြီး နွေဦးရာသီတွင်ဆလုံကျွန်းဘုရားပွဲတော်ကို ဒေသအာဏာပိုင်များနှင့် မြို့မိမြို့ဖများကဦးစီးကျင်းပခဲ့ရာ ကြက်ပျံမကျ စည်ကားလှပေသည်။

ထို့အတူ ဆယ်မိုင်ကမ်းခြေသည် ကော့သောင်းမြို့နှင့် ဆယ်မိုင်အကွာ ကော့သောင်း ချန်းဖန်းလမ်းဘေး ပင်လယ်ကမ်းခြေအလှကို ပြုပြင်ထားသော အပန်းဖြေစခန်းဖြစ်သည်။ ကော့သောင်းမြို့ ရွှေဟင်္သာရပ် ရွှေကော့သောင်းစားတော်ဆက်က ကမကထပြု၍ ပြင်ဆင်မွမ်းမံထားသော ကမ်းခြေဖြစ်ပြီး သင်္ကြန်အချိန်အခါတွင် အထူးစည်ကားလှသည်ကို တွေ့ရသည်။ တက်နေဆီအုန်းကုမ္ပဏီမှ ကမကထပြု၍ မွမ်းမံတိုးချဲ့ပြင်ဆင်ထားသော လဲမွှန်အပန်းဖြေကမ်းခြေကား ချန်းဖန်းကျေးရွာအုပ်စုတွင်တည်ရှိပြီး ဆီအုန်းစိုက်ခင်းများ၊ ပုံစံဒီဇိုင်းအမျိုးမျိုးဖြင့် တည်ဆောက်ထားသော ဘန်ဂလိုနားနေဆောင်များ၊ လဲမွှန် ဆီအုန်းစက်ရုံနှင့် မွေးမြူရေးခြံများ၊ စိုက်ခင်းများကို လှည့်လည်ကြည့်ရှုနိုင်ပေသည်။ မပူတေး သဲတန်းကမ်းခြေ၊ စိုင်းလှအပန်းဖြေကမ်းခြေ၊ မလိဝမ်း အောင်သပြေစခန်းတို့သည်လည်း အလှကိုယ်စီနှင့် ယှဉ်ပြိုင်နေကြပေသည်။

၎င်းအပန်းဖြေစခန်းများထဲတွင် လန်ပိကျွန်း သဘာဝဥယျာဉ်နှင့် ပင်လယ်ကမ်းခြေတို့မှာ တစ်မူထူးခြားသည်။ လန်ပိကျွန်းသည် ရှည်လျားကြီးမားသော ကျွန်းတစ်ကျွန်းဖြစ်ပြီး သစ်ပင်နှင့် ဇီဝတိရစ္ဆာန်များ ထိန်းသိမ်းထားသော နယ်မြေဖြစ်၍ အများပြည်သူနှင့် နိုင်ငံခြားသားများ အထူးစိတ်ဝင်စားကြသည်။ ရေနက်ဆိပ်ကမ်းရှိသဖြင့် လှေ၊ သင်္ဘောများ ဝင်ထွက်နိုင်သည်။ ငါး၊ ပုစွန်ပေါများသောကြောင့် လန်ပိကျွန်းတစ်ဝိုက်၏ အဖိုးတန်သော ပင်လယ်ဆိပ်ကမ်းတစ်ခုဖြစ်သည်။ လန်ပိကျွန်းအနီးဝါးကျွန်းရွာတွင် လှည့်လည်နားခိုရင်းအပန်းဖြေနိုင်သည်။ ဝါးကျွန်းမှ ပုစွန်၊ ပဂဲစသည့် ရေထွက်ပစ္စည်းများသည်အဖိုးတန်လှပေသည်။ လန်ပိကျွန်းသို့ လာရောက်သော ဧည့်သည်များသည် ဝါးကျွန်းမှ ပဂဲကို မီးကင်စားရင်း ကမ်းခြေတွင်အပန်းဖြေနိုင်ပေသည်။ သာယာလှပသောကော့သောင်းမြို့တွင် တစ်ဖက်နိုင်ငံမှ ခရီးသွားဧည့်သည်များနှင့် မြို့ခံပြည်သူများ ရောက်ရှိစည်ကားနေလေပြီ။ တနင်္သာရီတိုင်း၏ အလှအပများကား စာပန်းချီခြယ်သ၍ ကုန်နိုင်ဖွယ်ရာ ရှိအံ့မထင် ဖြစ်ပါတော့သတည်း။ ။

(ကြေးမုံ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကော့သောင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်ဒါဇင် ၁၀၀၀ကို ကော့သောင်းမြို့နယ် ပညာရေးမှူး ဦးစောရှိန်သို့ ပေးအပ်စဉ်။ (သတင်းစဉ်)

➪ **စာမျက်နှာ ၉ မှ**

လုပ်ငန်းရှင်များ၊ ခြံယာပိုင်ရှင်များက ကုမ္ပဏီအလိုက် ဆီအုန်းဧကများ ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးလျက်ရှိကြောင်း၊ လူတစ်ကိုယ် ဆီအုန်းတစ်ပင် စိုက်ပျိုးရေးစီမံချက်ချမှတ်၍လည်း စိုက်ပျိုးလျက်ရှိပါကြောင်းနှင့် တိုင်းအတွင်း ဆီအုန်းစိုက်ပျိုးမှုနှင့် ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ဆီအုန်းစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကော့သောင်းခရိုင်အတွင်း ဆီအုန်းစိုက်ပျိုးလျက်ရှိသည့် ပိုကောင်းကုမ္ပဏီ၊ တောင်ဒဂုံဆီအုန်း ကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီ၊ ဒဂုံတင်းဘားကုမ္ပဏီ၊ အက်စ်အိုင်ကုမ္ပဏီ၊ ရွှေခမောက်ကုမ္ပဏီ၊ တက်နေကုမ္ပဏီနှင့် အောင်ဇင်မာကုမ္ပဏီတို့မှ တာဝန်ရှိသူများက ကုမ္ပဏီအလိုက် ဆီအုန်းစိုက်ပျိုးနေမှုများ၊ လျာထားစိုက်ဧက ပြည့်မီအောင် ဆက်လက်စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက မှာကြားရာတွင် တနင်္သာရီတိုင်းတွင် ဆောင်ရွက်လျက်ရှိသည့် ဆီအုန်း စိုက်ပျိုးရေးစီမံကိန်းမှာ ရေရှည်အကျိုးရှိမည့် စီမံကိန်းကြီးဖြစ်ကြောင်း။

ကူညီလျက်ရှိ

ဆီအုန်း စိုက်ပျိုးရေးမြေနေရာများရရှိရန်၊ လုပ်သားများ ဖြည့်တင်းနိုင်ရန်၊ ဆီအုန်းခြံလုပ်သားများနှင့် မိသားစုများ၏ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များပြည့်စုံရန် စသည့် လုပ်ငန်းလိုအပ်ချက်များကို နိုင်ငံတော်အပိုင်းက တတ်နိုင်သမျှ ပံ့ပိုးခဲ့ပြီး ဆက်လက်ကူညီလျက်ရှိကြောင်း။

လုပ်ငန်းရှင်များအနေဖြင့် စီမံကိန်းရည်မှန်းချက်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း တိုင်းရင်းသားလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဝိုင်းဝန်းကူညီသွားကြရမှာ ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက တနင်္သာရီတိုင်း၏ စားသုံးဆန်လိုအပ်ချက် အပါအဝင် အခြားလိုအပ်ချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဘုတ်ပြင်းမြို့သို့ရောက်ရှိ

ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ဘုတ်ပြင်းမြို့သို့ ရောက်ရှိကြရာ ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သိန်းထိုက်နှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သပြေခန်းမ၌ ဘုတ်ပြင်းတပ်နယ်မှ တပ်မတော်အရာရှိများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းက မြို့နယ်၏ အကျယ်အဝန်းနှင့် ရပ်ကွက် ကျေးရွာများ ဖွဲ့စည်းတည်ရှိမှု၊ မိုးစပါးနှင့် မိုးသီးနှံများစိုက်ပျိုးနိုင်မှု၊ မြို့နယ်အတွင်း ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်း စိုက်ပျိုးဖြစ်ထွန်းမှု၊ ဒေသကြက်မွေးမြူမှု၊ ရေချို ရေငန်ပုဇွန်မွေးမြူနေမှုနှင့် တိုးချဲ့မွေးမြူနိုင်ရန် မြေနေရာရှာဖွေထားရှိမှု၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်နိုင်မှု၊ ဝန်ထမ်းသက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းမှာကြား

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအတွင်း ဆန်စပါးဖူလုံရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရေး၊ အလုပ်ကို ဖိဖိစီးစီး လုပ်ကိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက ဝန်ထမ်းများအနေဖြင့် ဘုတ်ပြင်းဒေသ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဒေသခံပြည်သူများနှင့် ရင်းနှီးနားလည်မှုရှိရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဘုတ်ပြင်းမြို့ကို လှည့်လည်ကြည့်ရှုကြသည်။

တနင်္သာရီတိုင်း ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇူလိုင်၁၁ရက် ညပိုင်းတွင် ကော့သောင်းမြို့ ကော့သောင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဝန်ထမ်းများအားတွေ့ဆုံပြီး နေ့စဉ် ပြန်/ဆက်ရုံးသို့ စာဖတ်ပရိသတ်တိုးပွားရောက်ရှိလာအောင် ဆောင်ရွက်ရေး၊ နေ့စဉ်ရုပ်မြင်သံကြား လာရောက်ကြည့်ရှုသည့်ပြည်သူ တိုးပွားလာအောင် ဆောင်ရွက်ရေး၊ နေ့စဉ်စာအုပ်ငှားရမ်းဖတ်ရှုသူများ တိုးပွားလာအောင် ဆောင်ရွက်ရေး၊ မြေစိုက်နံရံကပ်စာစောင်ကို အမျိုးသားနိုင်ငံရေးအား မီးမောင်းထိုးပြသည့် သတင်းစာပါ ဆောင်းပါးများဖြင့် နေ့စဉ် ပြောင်းလဲထည့်သွင်း၍ စိတ်ဝင်စားဖွယ်ဖြစ်အောင် ဆောင်ရွက်ရေး၊ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ တိုးပွားအောင် ဆောင်ရွက်ရေး၊ ကျေးရွာကြီးတိုင်းတွင် သတင်းစာ ရောက်ရှိအောင် ဆောင်ရွက်ရေး၊ ကျေးရွာတိုင်းတွင် အနည်းဆုံး ရုပ်မြင်သံကြားဖမ်းစက် တစ်လုံးရှိအောင် ဆောင်ရွက်ရေးတို့ကို အသေးစိတ် မှာကြားသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကော့သောင်းမြို့ ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာချတန်းနှင့် ပါဠိဂုဏ်ထူးတန်း သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၃

အဌသာလိနီ၊ ပါရာဇိကဏ်စာဝါကို ၁၃၆၅ခု ဝါဆိုလပြည့်ကျော် ၄ရက် ဇူလိုင်၁၇ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၄ရက်၊ အောက်တိုဘာ ၁၄ရက်အထိ မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီထိ ပုစ္ဆာကအလိုကျအောင် ဖြေနိုင်ရန် ဆိုရိုးစုံပြ ဓမ္မာစရိယကြေးမုံကျမ်းကို မူထား၍ ဗဟန်းကြားတောရလမ်း ကုန်သွယ်လယ်ယာ ဓမ္မာရုံ၌ ပါဠိဂုဏ်ထူးဆရာကြီး ဦးအောင်ခိုင်(နပသ၊ အဘိဓမ္မမဟာဌာန တွဲဖက်ပါမောက္ခ သာသနာရေးဝန်ကြီးဌာန အငြိမ်းစားပုဂ္ဂိုလ်)က တာဝန်ယူပို့ချမည်ဖြစ်သည်။ သင်တန်းတက်လိုသူများသည် ဗဟန်းဈေးအနီး ပိုက်လုံးလမ်းထိပ် တိုက်အမှတ်(၃၇) အခန်း(၃)၌ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

ကော့သောင်းမြို့ရှိ ကော့သောင်းလေဆိပ်အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၇-၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ဝါဆိုပန်းကဗျာ
၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၁၀ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၂၀ ၈။ မင်းလှရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English for Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၀ ၄။ တေးဂီတအစီအစဉ်
၄:၅၀ ၅။ အတီးပြိုင်ပွဲ
၅:၀၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၁၅ ၇။ အကပဒေသာ
၅:၂၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အဆို၊ အကများ
၅:၄၀ ၉။ ပျော်ရွှင်ဆင်နွှဲ ဝါဆိုပန်းခူးပွဲ
၅:၅၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၆:၀၅ ၁၁။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၆:၁၅ ၁၂။ Discovery.
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ စည်ကားဖွံ့ဖြိုး တိုးတက်ဝေဆာ မန်းမန္တလာ
၇:၃၀ ၁၆။ တေးဂီတအစီအစဉ်
၇:၄၅ ၁၇။ ကြွခိုင်ကျန်းမာ ပြည်မြန်မာ
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာ (အပိုင်း-၇)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

✳ ခြောက်တိုင်းလည်း မကြောက်နဲ့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးတိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားတွင် နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက် ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာတောရ သိရီမင်္ဂလာစံကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

☞ ကမ္ဘာအေးမှ

တိုင်းအဆင့်ပထမကြီးတန်း ဂုဏ်ထူးအောင် သံဃာတော်တစ်ပါး၊ ပထမငယ်တန်း ဂုဏ်ထူးအောင် သံဃာတော်တစ်ပါး၊ ပထမကြီးတန်းအောင် သံဃာတော် ၁၅ပါး၊ ပထမလတ်တန်းအောင် သံဃာတော် ၄၆ပါး၊ ပထမငယ်တန်းအောင် သံဃာတော် ၄၆ပါးတို့အား ပညာရေးဆုချီးမြှင့်မည့် အစီအစဉ်နှင့် နာယက စာချဆရာတော် ၁၆ပါး၊ ဒုတိယစာချဆရာတော် ၂၃ပါးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်မည့် အစီအစဉ်များကို လျှောက်ထားသည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်များ၏ ပဓာန နာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မ ပါဠိပါရဂူ ဘဒ္ဒန္တ သုမင်္ဂလာ လင်္ကာရ(Ph.D)က ရေစက်ချအနုမောဒနာတရားဟောကြားပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးတိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားတွင် ဆရာတော်ကြီးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမိသားစု၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးတို့က ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမိသားစု၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၅နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စမ်းချောင်းကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများနှင့် စခန်းမှူးရုံး မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး စမ်းချောင်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် သံဃာတော် အရှင်သူမြတ်တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် မိသားစုဝင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ထို့နောက် စမ်းချောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသီရိထံမှ ပရိသတ်တို့က အနုမောဒနာတရားများ နာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ စခန်းမှူးနှင့် စခန်းမှူးရုံးမှ အရာရှိ၊ စစ်သည်မိသားစုဝင်များက ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ကျုံမငေးအသင်း ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၃

(၁၆)ကြိမ်မြောက် ကျုံမငေးအသင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ကျုံမငေး အသင်းတည်ရှိရာ အမှတ်(၅၇) လှည်းတန်းလမ်း လမ်းမတော်မြို့နယ်၌ ဇူလိုင် ၂၀ရက်(တနင်္ဂနွေနေ့) နံနက်၇နာရီမှ စတင်၍ ကျင်းပမည်ဖြစ်သည်။ သရက်တောဓမ္မာရုံ စာသင်တိုက်မှ ပင့်သံဃာငါးပါးနှင့် ကျုံမငေးမြို့ စာသင်တိုက်နှင့် ကျေးရွာများမှ သံဃာတော်များကို ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ ကျုံမငေးသူ၊ ကျုံမငေးသားများ ဝါဆိုမြတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းအစုစုတို့ကို ကျုံမငေးအသင်း ဖုန်း-၂၂၇၅၅၁သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ ကြွရောက်လာသူဧည့်ပရိသတ်တို့အား ကျုံမငေးမုန့်ဟင်းခါးဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဆွမ်းလောင်းအသင်းဓမ္မာရုံ တည်ဆောက်ရေး လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၃

မကွေးမြို့ နေ့စဉ် သံဃဒါန ဆွမ်းလောင်းအသင်း တိုးချဲ့ဓမ္မာရုံ ဆောက်လုပ်ရန် ကုန်ကျမည့် ငွေကျပ်သိန်း ၆၀ကို ရန်ကုန်မြို့ လှိုင်မြို့နယ် (၄) ရပ်ကွက် မြကန်သာလမ်း၊ အမှတ် Q-13နေ မကွေးမြို့နယ်အသင်း ဥက္ကဋ္ဌ ဦးအေးကို-ဒေါ်နုနုခင်နှင့် သားသမီးများ၊ မြန်မာကိုင်ဒိုကုမ္ပဏီမှ လှူဒါန်းပွဲအခမ်းအနားကို မြန်မာကိုင်ဒိုကုမ္ပဏီတွင် ဇူလိုင်၁၀ရက်ကကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက အကျိုးတော်ဆောင် မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဆရာတော်ကြီးအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အလှူငွေကို မကွေးမြို့နယ် နေ့စဉ် သံဃဒါန ဆွမ်းလောင်းအသင်းမှ တာဝန်ရှိသူများက လက်ခံရယူသည်။**(အောက်ပုံ)**(က-ပ)

ဆက်ကပ်လှူဒါန်း

မရမ်းကုန်းမြို့နယ် အပရာဇိတ ဆံတော်ရှင် ကျိုက်ပိုင်းစေတီတော်မြတ်ကြီး၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၇ရက်က စေတီတော်ရင်ပြင်ပေါ်ရှိ အောင်ဓမ္မာရုံကြီးတွင်ကျင်းပရာ စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမြင့်က အလှူရှင်များကိုယ်စား စေတီတော် ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ အာစရထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နယ်စပ်ဒေသ မကျန် ဖွံ့ဖြိုးတိုးတက်စည်ပင်လာသော ပြည်သူ့အကျိုးပြုလုပ်ငန်းများ

နယ်စပ်ဒေသ ကောင်းခါးတိုက်နယ်ဆေးရုံ

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရ တာဝန်ယူ ပြီးနောက် နယ်စပ်ဒေသပါမကျန် တိုင်းရင်းသားပြည်သူအပေါင်း၏ လူမှု၊ စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးခဲ့သည်။ ဝဲပုံတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်ရှိ (၁၆) ခုတင်ဆံ့ ကောင်းခါးတိုက်နယ်ဆေးရုံကို တွေ့နိုင်သည်။

(ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)

ဒုတိယမြို့တော်၏ ရတနာပုံဈေးသစ်ကြီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဒုတိယမြို့တော်သည် နိုင်ငံအလယ်ပိုင်းတွင် အချက်အချာကျ၍ လူမှု၊ စီးပွားသာမက ရောင်းရေးဝယ်တာ ဖွံ့ဖြိုးစည်ပင်သော မြို့ကြီးဖြစ်သည်။ အောက်ပုံတွင် မန္တလေးမြို့ ရတနာပုံဈေးသစ်ကြီးကို ခံ့ထည်စွာတွေ့နိုင်သည်။

(ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)

ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်း

ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်း၌ ကျန်ရှိနေသော ရေမျက်နီမှ ကျောဘက်ပိုင်း ဥမင်ချဉ်းကပ်လမ်း ၂၆ မိုင်အပိုင်း မျက်မြောင်ဒေသတွင် တည်ဆောက်ပြီးစီးနေပြီဖြစ်သော ရထားသံလမ်းနှင့် တံတားများကို ဤသို့တွေ့ခဲ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–ရေချမ်းမြင့်)

ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီး

ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီး အဆင့်မြင့်မွမ်းမံ၍ ချောက်လမ်းသွားဆောင်ရွက်ခြင်း လုပ်ငန်းကို ပုဂ္ဂလိက လုပ်ငန်းရှင် ဟုန်ပန်းဆောက်လုပ်ရေးအဖွဲ့က မိတ္ထီလာ–မန္တလေး ၈၃ မိုင်အပိုင်းကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိသည်ကို ကြေးမုံက ဤသို့ မှတ်တမ်းတင်သည်။

(ဓာတ်ပုံမှတ်တမ်း–ခရမ်းစိုးမြင့်)

ဓာတ်ပုံမှတ်တမ်း— ခရမ်းစိုးမြင့်၊ ရေချမ်းမြင့် နှင့် သတင်းစဉ်။

ဝါဆိုလပြည့်(ဓမ္မစကြာနေ့)တွင် ရန်ကုန်မြို့ တန်ခိုးကြီးဘုရားများနှင့် စေတီတော်များ၌ ကုသိုလ်ကောင်းမှုပြုသူများ အထူးစည်ကား

ရန်ကုန် ဇူလိုင် ၁၃

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ ဝါဆိုလပြည့် (ဓမ္မစကြာနေ့) ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဓမ္မစကြာတရားတော်သံများဖြင့် လွှမ်းခြုံလျက်ရှိသည်။

ရွှေတိဂုံစေတီတော်

ထိုကဲ့သို့ ကျင်းပကြရာတွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ဝါတွင်းသီလခံယူပွဲ ဖွင့်ပွဲနှင့် ဂေါပကသြဝါဒါစရိယ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားတွင် ဝါတွင်းသီလ ခံယူပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးကြီးမြင့်က သာသနာရေးရာများကို လျှောက်ထားပြီး ရွှေတိဂုံစေတီတော် ဂေါပကသြဝါဒါစရိယဗဟန်းသိရီမင်္ဂလာစံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသက နဝင်္ဂသီလ ချီးမြှင့်တော်မူသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သိရီမင်္ဂလာစံကျောင်း ဆရာတော်က အနုမောဒနာ ဟောကြားချီးမြှင့်တော်မူကာ ပရိသတ်များက လှူဒါန်းမှုအစုစုကို ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဝါတွင်းကာလဥပုသ်နေ့တိုင်း ဂေါပကအဖွဲ့က ကြီးမှူး၍ သီလခံယူပွဲများ ကျင်းပကာ ဂေါပကသြဝါဒါစရိယ ဆရာတော်ကြီးများက ဥပုသ်သီလများ ချီးမြှင့်မည်ဖြစ်သည်။

ဗိုလ်တထောင်စေတီတော်

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ပရိဝုဏ်အတွင်းရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ဝါတွင်းကာလ ဥပုသ်နေ့တိုင်းတွင် တရားပွဲများကို မွန်းလွဲ ၁၂နာရီခွဲမှ မွန်းလွဲ ၂နာရီခွဲအထိ တစ်ကြိမ်၊ ညနေ ၃နာရီမှ ညနေ ၅နာရီအထိတစ်ကြိမ် တစ်နေ့လျှင် နှစ်ကြိမ် ကျင်းပသွားမည်ဖြစ်ရာ ယနေ့တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒနှင့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နရိန္ဒာစာရတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၌ ယနေ့ ဝါဆိုလပြည့် (ဓမ္မစကြာနေ့)တွင် ကောင်းမှုကုသိုလ်ပြုသူများဖြင့် အထူးစည်ကား လျက်ရှိသည်။

ကမ္ဘာအေးစေတီတော်

သိရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဓမ္မစကြာအခါတော်နေ့ ဓမ္မပူဇာမင်္ဂလာအခမ်းအနားနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲကို မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ အာရုံခံတန်ဆောင်း၌ ကျင်းပရာ မဟာဇိနိန္ဒဘော်ဆင်းတုတော်၊ ကဿပရုပ်ပွားဆင်းတုတော်၊ ကောဏဂုံရုပ်ပွားဆင်းတုတော်၊ ကကုသန် ရုပ်ပွားဆင်းတုတော်၊ ဒီပင်္ကရာ ရုပ်ပွားဆင်းတုတော်နှင့် ဂေါတမရုပ်ပွား ဆင်းတုတော်တို့အား ဂေါပကအဖွဲ့ဝင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

သိရိမင်္ဂလာ ကမ္ဘာအေးစေတီတော်တွင် ဥပုသ်သီတင်း ဆောက်တည်ကြသူများ၊ ဓမ္မစကြာတရား ရွတ်ပွားကြသူများ၊ ကောင်းမှုကုသိုလ်ပြုကြသူများ၊ ဘုရားဖူးလာ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မယ်လမုစေတီတော်

အလားတူ မယ်လမုစေတီတော်တွင်လည်း ယနေ့ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ကောင်းမှုကုသိုလ်ပြုကြသူများဖြင့် နံနက်ပိုင်းမှ စတင်၍ ညပိုင်းအထိ အထူးစည်ကားလျက်ရှိသည်။

စွယ်တော်မြတ်စေတီတော်(ရန်ကုန်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ် စေတီတော် (ရန်ကုန်) ဂန္ဓကုဋိတိုက်အတွင်း၌ ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက်၈နာရီတွင် ဆဋ္ဌမအကြိမ် ဓမ္မစကြာ အခါတော်နေ့နှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ပရိသတ်တို့က စွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့၏ သြဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ နန္ဒသာမိဘိဝံသ ဆရာတော်ထံမှ ကိုးပါးသီလတော်မြတ်ကို ခံယူဆောက်တည်ကြပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ အမှူးပြုသော ဂေါပကအဖွဲ့ဝင်များက ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်း၍ ဆရာတော်က ရေစက်သွန်းချ အနုမောဒနာ တရား ချီးမြှင့်ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

လောကချမ်းသာ ရုပ်ပွားတော်မြတ်ကြီး

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး တတိယအကြိမ် ဗုဒ္ဓပူဇနိယမင်္ဂလာနှင့် သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားကို နံနက် ၅နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ် စံပယ်သည့် ဂန္ဓကုဋိကျောင်းတော်ကြီး၌ ကျင်းပရာ ရှေးဦးစွာ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား သစ်သီး၊ ဆွမ်း၊ ရေချမ်း၊ ပန်းနှင့် အမွှေးနံ့သာတို့ဖြင့် ကပ်လှူပူဇော်ကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် ဇနီးတို့က ဝါဆိုရွှေကြာသင်္ကန်းကို ကပ်လှူပူဇော်သည်။ ဆက်လက်၍ ဝတ်အဖွဲ့ဝင်များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သံဃာတော် အရှင်သူမြတ်ကိုးပါးတို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြ၍ ရေစက်ချ အနုမောဒနာတရား နာယူပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဓမ္မစကြာအခါတော်နေ့

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြု အဖွဲ့ချုပ်၏ (၂၆)ကြိမ်မြောက် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ အဆိုပါအဖွဲ့ချုပ် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပပူဇော်သည်။

နံနက်အရုဏ်တက်အချိန်က နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ နာယကချုပ် ဆရာတော်နှင့် သင်ကြား/စီမံ ဆရာတော်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြု အဖွဲ့ချုပ် သြဝါဒါစရိယ ဆရာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ငါးထပ်ကြီးဘုရား

အလားတူ ဗဟန်းမြို့နယ်ရှိ မဟာသကျ အတုလမာရ်အောင် ငါးထပ်ကြီးဘုရားကြီး၌လည်း ဂေါပကအဖွဲ့က ကြီးမှူး၍ မြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်လှူဒါန်းခြင်း၊ သစ်သီး၊ ဆွမ်းကပ်လှူ ပူဇော်ခြင်း၊ မြတ်ဗုဒ္ဓ၏ ဓမ္မစက္ကပဝတ္တနသုတ်တော် ရွတ်ဆိုခြင်း အခမ်းအနားများကျင်းပပြီး ဂေါပက သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ဝါယမက ဥပုသ်သီလချီးမြှင့်တော်မူကာ တရားဒေသနာတော်များ ဟောကြားချီးမြှင့်သည်။ ထို့အတူ အသင်းအဖွဲ့များ၊ ပုဂ္ဂလိက အလှူရှင်များကလည်း စတုဒိသာ ကျွေးမွေး လှူဒါန်းခြင်းတို့ဖြင့် ကုသိုလ်ယူ ဆောင်ရွက်ကြသည်။

အထူးစည်ကား

ထို့အတူ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး၊ ကိုးထပ်ကြီး ဘုရားကြီး၊ ကြေးသွန်းဘုရားကြီး၊ ရွှေဘုန်းပွင့်စေတီတော်၊ မိုးကောင်းစေတီတော်၊ ကျိုက္ကစံ စေတီတော် အသီးသီးတို့၌လည်း ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ယူကြသူများဖြင့် အထူးစည်ကား များပြားနေသည်ကို တွေ့ရသည်။

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ရန်ကုန်မြို့ မြို့နယ်အသီးသီး ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းတိုက်များနှင့် ဓမ္မာရုံများ၌လည်း စုပေါင်းသီလ ခံယူပွဲများ၊ ဓမ္မစက္ကပဝတ္တနသုတ်တော် ရွတ်ဖတ်ပူဇော်ပွဲများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲများ၊ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းမှုများဖြင့် ဝါဆိုဦး ကုသိုလ်ပွဲများ ပွားများကြသည်ကို တွေ့ရသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ဇူလိုင် ၁၃ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ ကျင်းပသော စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားတွင် ဆရာတော်ကြီးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(ရန်ကုန်တိုင်း)

ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးနှင့် သန်မြန်သူမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးနှင့် သန်မြန်သူမိသားစု၏ တတိယအကြိမ် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်ရှိ ရွှေပေါက်ကံ စက်ရုံစုခန်းမ၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ သန်မြန်သူမိသားစုနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပရိသတ်များက မြောက်ဥက္ကလာပမြို့နယ် သီဟိုဠ်ဦးကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော် သံဃာတော်တို့အား ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်းနှင့် ဇနီးဒေါ်ထွေးရီ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် သန်မြန်သူမိသားစုတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သီဟိုဠ်ဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မထံမှ အနုမောဒနာတရားများ နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အလိုတော်ပြည့်ကျောင်းတိုက် ဝါတွင်း ဓမ္မာစရိယသင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်း အလိုတော်ပြည့်ကျောင်းတိုက်တိုက်အုပ်ဆရာတော်ဘဒ္ဒန္တ သုစိတ္တာဘိဝံသ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဝါကျဉယျာဉ်ကျမ်းပြု) အရှင်သူမြတ်သည် ၁၃၆၅ ခုနှစ် ဝါတွင်းသုံးလ ဓမ္မာစရိယသင်တန်းကို ဝါဆိုလပြည့်ကျော် ၃ရက်(ဇူလိုင်၁၆)ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီခွဲမှ ညနေ ၃ နာရီခွဲထိတစ်ကြိမ် တစ်နေ့လျှင် နှစ်ကြိမ်စီ အဆိုပါကျောင်းတိုက်၌ ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

*** မြောက်တိုင်းလည်း မမြောက်နဲ့**

ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံးနှင့် သန်မြန်သူ မိသားစု၏ တတိယ အကြိမ် စုပေါင်း ဝါဆိုသင်္ကန်း ကပ်လှူပွဲတွင်ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင် သိန်း နှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

ကမ္ဘာ့ရေကူးတံခွန်စိုက်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၃

စပိန်နိုင်ငံ ဘာဆီလိုနာမြို့၌ ကျင်းပမည့် (၁၀)ကြိမ်မြောက် ကမ္ဘာ့ရေကူးတံခွန်စိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အားကစားနှင့်ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူး(မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်နည်းပြ) ဒေါ်နီလာဝင်း ခေါင်းဆောင်သည့် အားကစားသမားသုံးဦး စုစုပေါင်း အားကစားအဖွဲ့ဝင်လေးဦး ပါဝင်သော မြန်မာရေကူးအားကစားအဖွဲ့သည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။ (သတင်းစဉ်)

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်မြို့ ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့နံနက် ၈ နာရီက မဟာစည်ဓမ္မာရုံကြီး၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဟိတေသီအဖွဲ့မှ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က ဆောင်ရွက်ပြီး အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်သည်။

ထို့နောက် ဟိတေသီအဖွဲ့ ယောဂီများကဝါဆိုပန်းနှင့်ဆီမီးများ ဆက်ကပ်လှူဒါန်းပြီး ဓမ္မစကြာပါဠိတော်နှင့် ရှစ်လုံးကဗျာများကို ရွတ်ဆိုပူဇော်ကြသည်။ ဆက်လက်၍ ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကဝိဓဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးက ဓမ္မစကြာတရားတော်များ ဟောကြားချီးမြှင့်တော်မူသည်။

ထို့နောက် အလှူရှင်များက ဝါဆိုသင်္ကန်းများကိုဆရာတော်ကြီးထံတစ်ဦးချင်းဆက်ကပ်လှူဒါန်းကြသည်။**(အောက်ပုံ)** ဆွမ်းပဒေသာပင်အလှူရှင် ရွှေဘိုမင်းသမီးသနပ်ခါး လုပ်ငန်းပိုင်ရှင် ဦးတင်မောင်-ဒေါ်မြကြည် စသော အလှူရှင်များအား ဒေါက်တာတင်မြင့်ခိုင်က ဖတ်ကြားကြေညာ၍ ဂုဏ်ပြုလွှာ ချီးမြှင့်သည်။ ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲ အလှူရှင်များ၏ ကုသိုလ်ကောင်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးကြသည်။ (ကြေးမုံ)

သစ်အချောထည်ကုန်ပစ္စည်းများ ပြည်ပသို့စနစ်တကျတိုးချဲ့တင်ပို့ရောင်းချရေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၃

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဦးအောင်ဖုန်းသည် ဇူလိုင်၈ရက် နံနက် ၉နာရီက ရန်ကုန်မြို့ရှိ မြန်မာ့သစ်လုပ်ငန်း ကုန်သွယ်မှု ဗဟိုဌာန (MTTC) ၌ ဝန်ကြီးဌာန အောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းနှင့် ပုဂ္ဂလိကသစ်အချောထည်လုပ်ငန်းရှင်များ၊ သစ်နှင့်ပတ်သက်၍ ကုန်သွယ်မှု လုပ်နေသည့် လုပ်ငန်းရှင်များအား တွေ့ဆုံ၍ သစ်အချောထည် ကုန်ချောပစ္စည်းများ ပြည်ပသို့ စနစ်တကျ တိုးချဲ့တင်ပို့ရောင်းချရေးကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးက နိုင်ငံခြားပို့ကုန်မြင့်တင်ရေးကို အရှိန်အဟုန်မပျက် တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ရမည့် နည်းလမ်းနှင့်ဝန်ကြီးဌာနအောက်ရှိ တာဝန်ရှိသူအဆင့်ဆင့်က ဆောင်ရွက်ပေးရမည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီးပုဂ္ဂလိက သစ်လုပ်ငန်းရှင်များကလည်း စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာပြီး ပူးပေါင်းဆောင်ရွက်ကြရန် ညှိနှိုင်းမှာကြားသည်။

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ပြည်ပသို့ သစ်အခြေခံလုပ်ငန်းများ တင်ပို့ခြင်း လုပ်ငန်းများကို အဟန့်အတားဖြစ်စေရန်မဟုတ်ဘဲတရားမဝင်ကျွန်းသစ်များ သယ်ယူရောင်းချနေခြင်းကို တားဆီးပိတ်ပင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး သစ်အခြေခံကုန်ချောပစ္စည်းများ မှန်မှန်ကန်ကန်နှင့်တရားဝင် ပြည်ပတင်ပို့ခြင်းကို ချောမွေ့မြန်ဆန်အောင် ပိုမိုတင်ပို့နိုင်အောင် အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဓမ္မဇေယျာ ပရိယတ္တိစာသင်တိုက် နဝမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဦးကိုလေးနှင့် ဇနီး ဒေါ်ခင်ခင်တို့အား အမှူးထား၍ အခွန်ဌာနဝန်ထမ်းမိသားစုများ၏ နဝမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် ၉ လမ်းရှိ ဓမ္မဇေယျာပရိယတ္တိစာသင်တိုက်တွင် ကျင်းပသည်။

အခမ်းအနားအစီအစဉ်အရ နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး၊ ငါးပါးသီလ ခံယူကြကာ၊ သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ် ပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ထို့နောက် ဓမ္မဇေယျာပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥဂ္ဂသ အမှူးပြုသော သံဃာတော် ၆၅ပါးတို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်ဗိုလ်မှူးကြီးသောင်းဝေဇနီးဒေါ်မူမူ၊အခွန်ဌာနမှူးဦးတင်မောင်ဝင်းနှင့် အရာထမ်းအမှုထမ်းများ မိသားစုများက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်ချတရားနာယူကြ၍ အမျှအတန်းများ ပေးဝေကြသည်။ (က-ပ)

ဝံသာနုသတင်းလွှာ ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၃

နိုင်ငံတော်က မျှော်မှန်းထားသော ယုံကြည်မှုတံတားကို ပျက်ပြားစေခဲ့သော အခြေအနေအား ခံစားထုတ်ဖော်တင်ပြထားသည့်"သိကြားစေ သက်သေညွှန်း လွမ်းစရာ့ပုံပြင်တစ်ပုဒ်" မျက်နှာဖုံးပုံရိပ်သတင်းဖြင့် အတွဲ(၁၂)၊ အမှတ်(၁၄) "ဝံသာနု"သတင်းလွှာကို ယနေ့ထုတ်ဝေလိုက်သည်။ **(ယာပုံ)**

ယခုအပတ်သတင်းလွှာတွင်ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၁၇)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနား၊ ကုန်သေတ္တာထဲမှ လိုင်စင်မဲ့ပစ္စည်းများ၊ ဂျပန်ဗီဇာရမယ်ဆိုပြီး၊ ကျောက်တန်းမြို့နယ်မှ သစ္စာမဲ့စပါးဒိုင်များ၊ ဂျီအက်စ်အမ်ဖုန်းလိုချင်သူများ သတိထားရန်နှင့် အီရတ်အရေး ကျားမြီးဆွဲသလိုဖြစ်နေသော အမေရိကန်၊ ချင်းမိုင်မြို့ မူးယစ်ဆေးဝါးမှောင်ခိုတစ်ဦးဖမ်းမိ၊ အီသီယိုပီးယား၏ အနိဋ္ဌာရုံများ၊ တရားမဝင်သေနတ်များ ကျည်ဆံများနှင့်အတူ ဆွစ်ဇာလန်နိုင်ငံသားတစ်ဦးဗန်ကောက်၌ ဖမ်းဆီး၊ ဗြိတိန်နိုင်ငံမှ နာမည်ကြီး ရာဇဝင် လူဆိုးနှစ်ဦး ထွက်ပြေးလွတ်မြောက် စသော ပြည်တွင်း၊ ပြည်ပ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး သတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ်(၄၁)၊ (၂၉)လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ (က-ပ)

ဇူလိုင် ၁၀ ရက်က ကမာရွတ်မြို့နယ် အထက(၅)တွင် (၂၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းဝင်းခိုင်က ဆရာတော် သံဃာတော်များထံ ဝါဆိုသင်္ကန်းဆက်ကပ်စဉ်။ (က-ပ)

အောင်မြင်ခြင်း၏ ဖြစ်ရပ်မှန် မန်နေဂျာများအတွက် ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

တူဒေးစာအုပ်တိုက်၏ Executive စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက ကြီးမှူး၍ Traders Hotel က ပံ့ပိုးကူညီကျင်းပသည့် မန်နေဂျာများ စွမ်းရည် မြှင့်တင်ရေးဆိုင်ရာ ဟောပြောပွဲကို ဇူလိုင်၄ရက် နံနက် ၉နာရီခွဲက ရန်ကုန်မြို့ Traders Hotel Ball-room တွင် ကျင်းပသည်။

အခမ်းအနားတွင် ဆရာဦးအောင်သင်းက "အောင်မြင်ခြင်း၏ ရင်းမြစ်မှန်"ခေါင်းစဉ်ဖြင့်ဟောပြောပြီး ကုမ္ပဏီအသီးသီးမှ မန်နေဂျာ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ **(ဝဲပုံ)** (က-ပ)



ချော့တိုင်းလည်း မပျော့နဲ့

စီးကရက်ပြီးသီးနှံ ဖျက်မခံ

* စိမ်းစိုသာမော၊ တို့လယ်တောတွင်
ကောက်ပင်ထိပ်ဖျား၊ ရွှေများလိမ်းကျံ
ရှိလေဟန်သို့၊ ကောက်နှံဝါဝင်း
ရွှေအဆင်းနှင့်
ရှုခင်းသာပြီ၊ မြန်မာပြည်။

* သီဂီအဆင်း၊ ဝါဝင်းကောက်နှံ
ပြည့်လျှံကြွယ်ပေါ၊ တို့လယ်တောကို
မြင်သောကြွက်တွေ၊ ချောင်းမြောင်းနေပေါ့
စာတွေကလည်း၊ ပျံဝဲလူးလာ
ခြောင်းနေပါပေါ့။

* တို့လယ်ယာမြေ၊ မျိုးဆွေအားလုံး
ပေါင်းရုံးညီညီ၊ စိုက်ပျိုးသည်ကြောင့်
ဖြစ်တည်ဖွံ့ထွား၊ ကောက်စပါးတွေ
မှည့်ဝင်းနေမှ၊ ကြွက်တွေ စာတွေ
လာဖျက်ချေက၊ ရင်ကျိုးရလိမ့်။

* ထကြွနိုးကြား၊ တို့လုပ်အားကြောင့်
စပါးကောက်နှံ၊ ပြည့်လျှံပေါကြွယ်
ငါတို့လယ်မှာ၊ ဖြစ်တည်လာသော
ရွှေဝါစပါး၊ ဖျက်ရန်များကြောင့်
ဆုံးပါးရခြင်း၊ အလျှင်းမရှိ
လယ်ရှိသမျှ၊ ရိတ်သိမ်းရအောင်
တို့ညီနောင်များ၊ စွမ်းပကားကို
တို့များဆက်၍ ပြကြစို့။ ။

ပျံလွှား

စာရင်းကိုင်သင်တန်းသစ်များဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၃

Golden Target သင်တန်းမှ LCCI နှင့် CAT စာရင်းကိုင်သင်တန်း တန်းခွဲသစ်များကို ဇူလိုင် ၁၅ရက်တွင် စတင်သင်ကြားပေးမည်ဖြစ်သည်။ အဆိုပါ သင်တန်းတွင် LCCI Level I & II, Level III,(Accounting, Cost Accounting, Management Accounting) ဘာသာရပ်များကို Studies Guide အဖြစ် သင်ကြားပေးကြမည်ဖြစ်သည်။ တက္ကသိုလ်ဝင်တန်းအင်္ဂလိပ်စာနှင့် ဝိဇ္ဇာဘာသာတွဲများကိုလည်း သင်ကြားပေးမည်ဖြစ်ရာ စိတ်ဝင်စားသူများ အမှတ် ၃၅၁ ပြည်လမ်း (ဟံသာဝတီ အဝိုင်းအနီး) စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၁၇၀၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

အမည်ပြောင်းခြင်း

ဦးသိန်းဌေး - ဒေါ်ဌေးဌေးမြင့်တို့၏ သမီး ကမာရွတ် အထက(၁) ဆဋ္ဌမတန်း(က)မှ မဌေးရတနာသိန်းအား မလှယမင်းအေးဟု ပြောင်းလဲခေါ်ပါရန်။ **မလှယမင်းအေး။**

ROYAL®
MODERN FURNITURE
4th Floor, Yuzana Plaza.
Tel : 200747 (Ext : 5400, 5500)

စားသောက်ကုန်ပစ္စည်းများ တင်သွင်းရောင်းချနိုင်မည့် အခွင့်အရေး

Pro Active Marketing
အမှတ်(၁၂၀)၊ ပထမထပ်၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အသေးစိတ်သိရှိလိုပါက - တင်မောင်အေးထွန်း (ရောင်းဝယ်ရေးအရာရှိ)
Tel: 535788, 525901, 727184 သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကုမ္ပဏီအမည်ပြောင်းခြင်း

ယခင် နေရှင်နယ် အင်ဒတ်စ်ထရီရယ် ဟိုး(လ်)ဒင်း(စ်) လီမိတက် National Industrial Holdings Limited. မှ
ယခု အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက် National Development Co., Group Ltd. သို့
ပြောင်းလဲပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ယခင် အင်န်၊အိုင်၊အိပ်(ချ်)ထရေးဒင်း ကုမ္ပဏီလီမိတက် N.I.H Trading Co., Limited. မှ
ယခု အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုန်သွယ်မှုလုပ်ငန်း လီမိတက် National Development Trading Ltd. သို့
ပြောင်းလဲပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီး ကျင်းပရန် ကြေညာခြင်း ။

အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်
National Development Co., Group Ltd.
၏

၂၀၀၂–၂၀၀၃ ဘဏ္ဍာနှစ် အတွက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးကို ဩဂုတ်လ ပထမပတ်တွင် ကျင်းပပြုလုပ်ရန် စီစဉ်ထားရှိပါကြောင်း အစုရှင်များသို့ အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာများအဖွဲ့.

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာ့ဧလမ်း၊ အမှတ်(၆၉/B)နေ
ဦးလှဝင်း(လေသူရဲတစ်ဦး)–(ဒေါက်တာဒေါ်မြင့်မြင့်တင်)
တို့၏သားငယ်
မောင်မင်းထွဋ်ဝင်း B.Sc (Physics)
(ရတနာပုံစာအုပ်တိုက်) နှင့်
ရန်ကုန်မြို့၊ (၅)မိုင်ခွဲ၊ ပြည်လမ်း၊ မြကန်သာလမ်းသွယ်၊
အမှတ်(၁၄၉/A)နေ (သချာ)ဦးရွှေဖိုး–ဒေါ်ခင်မြင့်အေး
တို့၏သမီးကြီး
မမေလဲ့လဲ့ဖြိုး B.Sc (Maths), I.D.C.S˚(U.K)

တို့၏ ၉–၇–၂၀၀၃ရက်တွင် သာသနာ့အလင်းရောင်ကျောင်းတော်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့လည်းကောင်း၊ ၁၂–၇–၂၀၀၃ ရက်တွင် Inya Lake Hotel၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ လည်းကောင်း ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေများနှင့် ဟိုတယ်ဝန်ထမ်းများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်မင်းထွဋ်ဝင်း–မမေလဲ့လဲ့ဖြိုး။

BizSoft Family of ACE Data Systems
InfoCom Systems

Certificate in Network Engineering

- Networking Concepts
- Network Topologies
